**စက်ဆီချောဆီနှင့်ဆက်စက်ပစ္စည်းလုပ်ငန်းရှင်များအသင်း**

**Lubricants and Specialties Entrepreneur Association (LSEA)**

**၏**

**သင်းဖွဲ့စည်းမျဉ်း**

မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | အခန်း(၁)<br>အသင်းအမည်၊ တည်နေရာ၊ ရည်ရွယ်ချက်နှင့်<br>အသင်းအမှတ်တံဆိပ် | ၂ |
| ၂။ | အခန်း (၂)<br>အသင်း၏အသင်းသားဖြစ်ခြင်း | ၄ |
| ၃။ | အခန်း (၃)<br>အသင်းဝင်များ၏အခွင့်အရေးနှင့်တာဝန်များ | ၈ |
| ၄။ | အခန်း (၄)<br>အသင်းဝင်အဖြစ်မှရပ်စဲခြင်း | ၉ |
| ၅။ | အခန်း (၅)<br>ဖွဲ့စည်းတည်ဆောက်ပုံ | ၁၀ |
| ၆။ | အခန်း (၆)<br>အရည်အချင်း၊ လုပ်ပိုင်ခွင့်နှင့်တာဝန်များ | ၁၆ |
| ၇။ | အခန်း (၇)<br>အမှုဆောင်များရွေးချယ်တင်မြှောက်ပုံနည်းစနစ်များ | ၂၁ |
| ၈။ | အခန်း (၈)<br>အစည်းအဝေးကျင်းပုံနည်းစနစ် | ၂၈ |
| ၉။ | အခန်း (၉)<br>ဘဏ္ဍာရေးကိစ္စထိန်းသိမ်းဆောင်ရွက်ခြင်း | ၃၁ |
| ၁၀။ | အခန်း (၁၀)<br>အထွေထွေ | ၃၂ |

## စက်ဆီ၊ ချောဆီနှင့် ဆက်စပ်ပစ္စည်းလုပ်ငန်းရှင်များအသင်း
## အခန်း (၁)
## အသင်း၏အမည်၊ တည်နေရာ၊ ရည်ရွယ်ချက်နှင့် အသင်းအမှတ်တံဆိပ်

၁။ **အသင်းအမည်။** ဤအသင်းကို စက်ဆီချောဆီနှင့် ဆက်စပ်ပစ္စည်းလုပ်ငန်းရှင်များအသင်း ဟူ၍လည်းကောင်း၊ အင်္ဂလိပ်ဘာသာဖြင့် Lubricants and Specialties Entrepreneurs Association (အတိုကောက်အားဖြင့် LSEA ) ဟူ၍လည်းကောင်း ခေါ်တွင်စေရမည်။

၂။ **အသင်း၏တည်နေရာ။** အသင်း၏တည်နေရာသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ၊ ရန်ကုန်တိုင်းဒေသကြီးတွင်ရှိစေရမည်။

၃။ **အသင်းတည်ထောင်သည့်ရည်ရွယ်ချက်**

(က) စက်ဆီချောဆီနှင့်ဆက်စပ်ပစ္စည်းများ တင်သွင်းဖြန့်ဖြူးရောင်းချခြင်းနှင့် ထုတ်လုပ်ခြင်းဆိုင်ရာ လုပ်ငန်းများ စနစ်တကျ ဖွံ့ဖြိုးတိုးတက်လာစေရန်။

(ခ) စက်ဆီချောဆီနှင့်ဆက်စပ်ပစ္စည်းများ တင်သွင်း၊ ထုတ်လုပ် ဖြန့်ဖြူးရောင်းချသည့် လုပ်ငန်းများအား ကိုယ်စားပြု၍ လုပ်ငန်းဆောင်ရွက်သူများနှင့် သုံးစွဲသူများ၏ အကျိုးစီးပွားအား အကာအကွယ်ပေးသည့် အဖွဲ့အစည်းအဖြစ်ရပ်တည်ရန်။

(ဂ) အများပြည်သူ သယ်ယူပို့ဆောင်ရေးကဏ္ဍ၊ စက်မှုလက်မှုကဏ္ဍ၊ တည်ဆောက်ရေး ကဏ္ဍ၊ သတ္တုကဏ္ဍ၊ ရေလုပ်ငန်းကဏ္ဍ စသည့် ကဏ္ဍအသီးသီးတွင် လုံခြုံစိတ်ချရပြီး နိုင်ငံတကာ အဆင့်မီ စက်ဆီ၊ ချောဆီနှင့် ဆက်စပ်ပစ္စည်းများ တင်သွင်း ရောင်းချ နိုင်ရေးနှင့် ထုတ်လုပ်မှုများကို တိုးမြှင့် ဆောင်ရွက်နိုင်စေရန်နှင့် အလုပ်အကိုင် အခွင့်အလမ်းများ ဖန်တီးပေးနိုင်ရန်။

(ဃ) ပြည်တွင်း၌ အသုံးပြုနေသော စက်ရုံများ၊ ယာဉ်ယန္တရားများ၊ ရေယာဉ်များ၊ စက်ပစ္စည်းကိရိယာများ၏ စက်ဆီ၊ ချောဆီလိုအပ်ချက်များကို စံချိန် စံညွှန်းပြည့်ဝ သော စက်ဆီ၊ ချောဆီများဖြင့် ဖြည့်တင်းဆောင်ရွက်နိုင်ရန်။

(င) စက်ဆီချောဆီနှင့်ဆက်စပ်ပစ္စည်းဆိုင်ရာ ကုန်ပစ္စည်းများ၏ ဈေးကွက်၊ နည်းပညာဆိုင်ရာ အချက်အလက်များကို စုစည်းဖြန့်ဝေနိုင်ရန် အစိုးရနှင့် ပုဂ္ဂလိက အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရန်။

(စ) စက်ဆီ၊ ချောဆီ အရည်အသွေးသတ်မှတ်ရာတွင် နိုင်ငံတကာ စံချိန် စံနှုန်းများအတိုင်း ကိုက်ညီမှုရှိစေရန်နှင့် အရည်အသွေးအာမခံချက်နှင့် တာဝန်ယူမှုရှိသော စက်ဆီ ချောဆီ နှင့် ဆက်စပ်ပစ္စည်းများ ရောင်းချခြင်းဖြင့် သုံးစွဲသူအခွင့်အရေးကို အပြည့်အဝ ရရှိစေပြီး စက်ပစ္စည်းများကို သက်တမ်းအပြည့်အဝ အကျိုးရှိစွာ အသုံးပြုနိုင်စေရန်။

(ဆ) Used Oil များကြောင့် သဘာဝပတ်ဝန်းကျင်နှင့် လေထုညစ်ညမ်းမှုများ မဖြစ်ပေါ်စေရေး၊ အများပြည်သူများ၏ ကျန်းမာရေးထိခိုက်မှုမရှိစေရေး၊ Used Oil များကို စနစ်တကျ Recycle အဖြစ် ပြန်လည်အသုံးပြုနိုင်ရေး ဆောင်ရွက်ရန်။

(ဇ) တင်သွင်းလာသော စက်ဆီ၊ ချောဆီများနှင့် ဆက်စပ်ပစ္စည်းများ၏ သတ်မှတ် စံချိန် စံညွှန်းများ ညီညွတ်ရေးအတွက် ပုံမှန်စစ်ဆေးခြင်းတို့ကို အသင်းမှကြီးကြပ်၍ သက်ဆိုင်ရာ ဌာနများနှင့် ပူးပေါင်းဆောင်ရွက်ရန်။

(ဈ) စက်ဆီ၊ ချောဆီနှင့် ဆက်စပ်ပစ္စည်းတို့၏ ထုတ်လုပ်မှု နည်းပညာများ သုတေသနနှင့် တီထွင်ကြံဆဖြစ်ပေါ်လုပ်ကိုင်လာနိုင်စေရန်နှင့် နည်းပညာဖွံ့ဖြိုးရေးအတွက် အထောက်အကူ ပြု မွမ်းမံသင်တန်းများ ဆောင်ရွက်၍ လေ့ကျင့်ပျိုးထောင်ရန်။

(ည) သက်ဆိုင်ရာအစိုးရအဖွဲ့အစည်းများ၊ အသိအမှတ်ပြု အဖွဲ့အစည်းများ၊ ပြည်တွင်ပြည်ပ အဖွဲ့အစည်းတို့နှင့် ပေါင်းစပ်ညှိနှိုင်း၍ အသင်းသားများ၏ အခက်အခဲများနှင့် အငြင်းပွား မှုများကို ကူညီဖြေရှင်းပေးနိုင်ရန်။

(ဋ) ဖော်ပြပါ ရည်ရွယ်ချက်များအား အထမြောက် အကောင်အထည်ဖော်နိုင်ရေးအတွက် အထောက်အကူပြုမည့် ဥပဒေများ၊ နည်းဥပဒေများပေါ်ပေါက် ဖြစ်ပေါ်လာစေရေး ဥပဒေပြု အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်နိုင်ရန်။

၄။ **အသင်း၏ Calender နှစ်။** ဤအသင်း၏ နှစ်သည် (ပြက္ခဒိန်နှစ်၏) နှစ်စဥ် ဇန်နဝါရီလ ၁ ရက်နေ့မှ ဒီဇင်ဘာလ ၃၁ ရက်နေ့အထိဖြစ်သည်။

၅။ **အသင်း၏ အထိမ်းအမှတ်တံဆိပ်။** ဤအသင်း၏ တံဆိပ်မှာ အဝါရောင်နှင့် အနက်ရောင် ဆီစက်ဖြစ်ပြီး အောက်ခြေတွင် LSEA ဟု အတိုကောက်ဖော်ပြထားပြီး စက်ဆီ၊ ချောဆီနှင့် Specialties ဆီများကို ကိုယ်စားပြုသည်။

LSEA

**အသင်း Logo**

- အဝါရောင်သည် ဆီ (Lubricants) ကို ကိုယ်စားပြုသည်။
- အပြာရောင်သည် တည်ငြိမ်၊ တည်တံ့သောအသင်းအဖြစ် ကိုယ်စားပြုသည်။

၆။ **အဓိပ္ပါယ်ဖွင့်ဆိုချက်**

(က) အခြားနည်းပြဋ္ဌာန်းခြင်းမရှိခဲ့သော် ဤအသင်း၏ စည်းမျဥ်းများ၌ပါရှိသော အလားတူ ဝေါဟာရများ၏ အနက်အဓိပ္ပါယ်သည် မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေ၌ ပါရှိသော အလားတူ ဝေါဟာရများ၏ အနက်အဓိပ္ပါယ်နှင့် ထပ်တူဖြစ်သည်။

(ခ) **အသင်း** ဆိုသည်မှာ စက်ဆီချောဆီနှင့် ဆက်စပ်ပစ္စည်းလုပ်ငန်းရှင်များအသင်းကို ဆိုလိုသည်။

(ဂ) **အသင်းအဖွဲ့** ဆိုသည်မှာ ကုမ္ပဏီ၊ နိုင်ငံခြားကုမ္ပဏီ၊ ဖက်စပ်ကုမ္ပဏီ၊ အစုစပ်လုပ်ငန်း၊ သမဝါယမအသင်းနှင့် ညီနောင်အသင်းများကိုဆိုသည်။

(ဃ) **ညီနောင်အသင်း** ဆိုသည်မှာ ဤအသင်းတွင် အသင်းသားဝင်ရောက်ရန်ရှိပြီး၊ ဤအသင်း၏ ဗဟိုအလုပ်အမှုဆောင်အဖွဲ့/အလုပ်အမှုဆောင်အဖွဲ့က ညီနောင်အသင်းအဖြစ် အသိအမှတ်ပြုထားသည့်အပြင် ဤအသင်းနှင့် ပူးပေါင်းလက်တွဲ ဆောင်ရွက်လျက်ရှိသော **အပိုဒ် ၈ (က) နှင့် (ခ)ပါ** စက်ဆီ၊ ချောဆီလုပ်ငန်း ဆိုင်ရာအသင်းများကို ဆိုသည်။

(င) **အသင်းသား** ဆိုသည်မှာ အသင်းဖွဲ့စည်းမျဉ်းအပိုဒ် (၈)တွင် သတ်မှတ်ထားသော အရည်အချင်းများနှင့်ပြည့်စုံ၍ အသင်းကလက်ခံပြီး အသိအမှတ်ပြုထားသော တစ်ဦးတည်းပိုင်များ၊ ကုမ္ပဏီများ၊ အသင်းအဖွဲ့များ၊ တသီးပုဂ္ဂလတစ်ဦးချင်းများ၊ နိုင်ငံခြားကုမ္ပဏီများ၊ ညီနောင်အသင်းများကို ဆိုသည်။

## အခန်း (၂)
## အသင်း၏အသင်းသားဖြစ်ခြင်း

၇။ **အသင်းသားအဖြစ်ပါဝင်နိုင်ခွင့်။** အောက်ဖော်ပြပါ ပုဂ္ဂိုလ်တစ်ဦးချင်း (သို့မဟုတ်) လုပ်ငန်းအဖွဲ့အစည်းတစ်ခုချင်း (သို့မဟုတ်) ကုမ္ပဏီတစ်ခုချင်း (သို့မဟုတ်) နိုင်ငံခြားသားပိုင်ကုမ္ပဏီ (သို့မဟုတ်) ပညာရှင်များသည် ဤအသင်း၏ အသင်းသားအဖြစ် ပါဝင်ခွင့်လျှောက်ထားနိုင်သည်-

(က) မြန်မာနိုင်ငံအတွင်း စက်ဆီ၊ ချောဆီ ဆက်စပ်ပစ္စည်း တင်သွင်းထုတ်လုပ်မှု လုပ်ငန်းများ လုပ်ကိုင်နေသည့် မြန်မာနိုင်ငံသားများ၊ ဧည့်နိုင်ငံသားများ၊ နိုင်ငံသားပြုခွင့်ရသူများ။

(ခ) တည်ဆဲဥပဒေတစ်ရပ်ရပ်အရ ဖွဲ့စည်းတည်ထောင်ထားသော တိုင်းဒေသကြီးအဆင့်ရှိ စက်ဆီ၊ ချောဆီလုပ်ငန်းရှင်အသင်းနှင့် ဝန်ဆောင်မှုလုပ်ငန်းအလိုက်နှင့် ကုန်ပစ္စည်းအလိုက် ဖွဲ့စည်းထားသော အသင်းအဖွဲ့များ။

(ဂ) ရေနံနှင့်ရေနံထွက်ပစ္စည်းဆိုင်ရာ အသိပညာရှင်၊ အတတ်ပညာရှင်၊ သုတေသီ၊ အကြံပေး ပုဂ္ဂိုလ်များနှင့် အဖွဲ့အစည်းများ။

(ဃ) လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနအောက်ရှိ အစိုးရဌာနများ၏ကိုယ်စားလှယ်များ။

(င) စက်ဆီ၊ ချောဆီနှင့် ဆက်စပ်ပစ္စည်းများ ကုန်သွယ်မှု၊ ထုတ်လုပ်မှုလုပ်ငန်းများ ဆောင်ရွက်နေကြသည့် ကုမ္ပဏီ၊ အဖွဲ့အစည်း (သို့မဟုတ်) ကုန်အမှတ်တံဆိပ်အလိုက် ထုတ်လုပ်တင်သွင်းသူ (သို့မဟုတ်) ကိုယ်စားလှယ် လွှဲအပ်ခံရသူ။

(စ) မြန်မာနိုင်ငံတွင် တရားဝင်မှတ်ပုံတင်ထားသော စီးပွားရေးဆက်သွယ်လုပ်ကိုင်နေသည့် ပြည်ပနိုင်ငံခြားသား အဖွဲ့အစည်း (သို့မဟုတ်) ကုန်အမှတ်တံဆိပ်အလိုက် ထုတ်လုပ်

တင်သွင်းသူ (သို့မဟုတ်) ကိုယ်စားလှယ် လွှဲအပ်ခံရသူ၊ ကုမ္ပဏီ (သို့မဟုတ်) ကိုယ်စား လှယ်လွှဲအပ်ခံရသူ။

၈။ **အသင်းသား၏အရည်အချင်းများ။** အောက်ဖော်ပြပါ အသင်းအဖွဲ့များနှင့် တသီးပုဂ္ဂလ တစ်ဦး ချင်း တို့သည် ဤအသင်းတွင် အသင်းသားအဖြစ် ပါဝင်ခွင့်ရှိသည်-

(က) မြန်မာနိုင်ငံကုမ္ပဏီများဥပဒေအရ ဖွဲ့စည်းထားသော တိုင်းဒေသကြီးနှင့် ပြည်နယ် အဆင့် စက်ဆီ၊ ချောဆီအသင်းများ ဝန်ဆောင်မှုလုပ်ငန်းနှင့် ကုန်ပစ္စည်းအမျိုးအစား အလိုက် ဖွဲ့စည်းထားသောအသင်းများ။

(ခ) တည်ဆဲဥပဒေတစ်ရပ်ရပ်အရ ဖွဲ့စည်းတည်ထောင်၍ တရားဝင်မှတ်ပုံတင်ထားသော တစ်ဦးတည်းပိုင်လုပ်ငန်းများ၊ ကုမ္ပဏီများ၊ ဖက်စပ်ကုမ္ပဏီများ၊ ကော်ပိုရေးရှင်းများ၊ အစုစပ်လုပ်ငန်းများ၊ သမဝါယမအသင်းများ၊ ကုန်အမှတ်တံဆိပ်အလိုက် ထုတ်လုပ် တင်သွင်းသူများ။

(ဂ) မြန်မာနိုင်ငံတွင် တရားဝင်မှတ်ပုံတင်ထားသော နိုင်ငံခြားကုမ္ပဏီများနှင့် နိုင်ငံခြား ကုမ္ပဏီရုံးခွဲများ၊ ကုန်အမှတ်တံဆိပ်အလိုက် ထုတ်လုပ်တင်သွင်းသူများ၊ အပြည်ပြည် ဆိုင်ရာနှင့် ဒေသဆိုင်ရာစက်ဆီ၊ ချောဆီအသင်းများ။

(ဃ) ရေနံနှင့်ရေနံထွက်ပစ္စည်းဆိုင်ရာ ကျွမ်းကျင်သူ၊ အဆိပညာရှင်၊ အတတ်ပညာရှင် မြန်မာနိုင်ငံ သားများ။

(င) စက်ဆီ၊ ချောဆီလုပ်ငန်းရပ်တခုခုကို လုပ်ဆောင်ရန် တရားဝင်မှတ်ပုံတင်ထားသည့် လုပ်ငန်း/အသင်းအဖွဲ့/ကုမ္ပဏီတစ်ခုခုတွင် တာဝန်ထမ်းဆောင်နေသည့် လုပ်ငန်းရှင် (သို့မဟုတ်) ကုမ္ပဏီဒါရိုက်တာ မြန်မာနိုင်ငံသားများ။

(စ) လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနအောက်ရှိ အစိုးရဌာနများ၏ ကိုယ်စားလှယ်များ။

အသင်းသားအဖြစ်လျှောက်ထားသူသည် ဥပဒေအရ လူမွဲအဖြစ်လည်းကောင်း၊ အမည်ပျက် စာရင်းဝင် (Black List) အဖြစ်လည်းကောင်း ကြေညာခံရသည့် အသင်းအဖွဲ့/ပုဂ္ဂိုလ် မဖြစ်စေရ။

၉။ **အသင်းဝင်ခွင့်လျှောက်ထားခြင်း။** အသင်းတွင်ပါဝင်လိုသူများသည် အသင်းက ပြဋ္ဌာန်းထားသော အသင်းဝင်လျှောက်လွှာပုံစံတွင် ဝန်ခံလက်မှတ်ရေးထိုး၍ အသင်းသားတစ်ဦးက အဆိုတင်သွင်းလျက် အခြားအသင်းသားတစ်ဦးက ထောက်ခံပေးရမည်။

၁၀။ **အသင်းသားဦးရေကန့်သတ်ချက်များ။** ဤအသင်းကို မြန်မာနိုင်ငံကုမ္ပဏီများဥပဒေအရ မှတ်ပုံတင်ရန်အတွက် အသင်း၏ အသင်းသားဦးရေ ကန့်သတ်ချက်မရှိစေရ။

၁၁။ **အသင်းဝင်အဖြစ်အတည်ပြုခြင်း။** အထက်အပိုဒ်အရ အသင်းဝင်အဆိုပြုလွှာများကို စက်ဆီ၊ ချောဆီနှင့် ဆက်စပ်ပစ္စည်းလုပ်ငန်းရှင်များအသင်း၊ အထွေထွေအတွင်းရေးမှူးကလက်ခံပြီး အသင်းမှ တာဝန်ပေးအပ်သော အသင်းသားလျှောက်လွှာစိစစ်ရေးအဖွဲ့အနေနှင့် စုံစမ်းစိစစ်ပြီးနောက် အနီးကပ် ဗဟိုအလုပ်အမှုဆောင် အစည်းအဝေးသို့ တင်ပြ၍ အောက်ဖော်ပြပါ အရည်အချင်းပြည့်မီသူများသည် အသင်းဝင်အဖြစ် အတည်ပြုခြင်းခံရမည်။

(က) အသင်းသားအဖြစ်ပါဝင်ခွင့် အခန်း(၂) အပိုဒ် (၈)ပါ သတ်မှတ် အရည်အချင်း ပြည့်မီသူဖြစ်ခြင်း။

(ခ) အသင်းဝင်အဖြစ်လက်ခံရန် အဆိုပြုလွှာနှင့် အတူသတ်မှတ်ထားသော ဝင်ကြေးနှင့် နှစ်စဉ်ကြေးများ တစ်ပါတည်း ပေးသွင်းသူဖြစ်ခြင်း။

(ဂ) အသင်းမှ အခါအားလျော်စွာထုတ်ပြန်သော စည်းမျဉ်းစည်းကမ်းများကို လိုက်နာရန် ပျက်ကွက်ပါက အသင်းမှအရေးယူဆုံးဖြတ်ခြင်းကို နာခံပါမည်ဟု ဝန်ခံကတိပြုသူ ဖြစ်ခြင်း။

(ဃ) အသင်းက အခါအားလျော်စွာ ပေးအပ်သော တာဝန်များကို ကိုယ်စွမ်းဉာဏ်စွမ်းရှိသ၍ ကျေပွန်စွာ ထမ်းဆောင်ပါမည်၏ဟု ကတိပြုသူဖြစ်ခြင်း။

(င) အသက် (၁၈)နှစ် ပြည့်ပြီးသူဖြစ်ခြင်း။

၁၂။ **အသင်းဝင်လက်မှတ်။** အသင်းဝင်ခွင့်ပြုခံရသူအား အသင်းဝင်တစ်ဦးဖြစ်ကြောင်း အထိမ်း အမှတ်အဖြစ် ဗဟိုအလုပ်အမှုဆောင်အဖွဲ့က သတ်မှတ်ထားသော အသင်းဝင်လက်မှတ်တွင် စက်ဆီ၊ ချောဆီနှင့် ဆပ်စပ်ပစ္စည်းလုပ်ငန်းရှင်များအသင်း တရားဝင် လက်မှတ်ရေးထိုးခွင့် အပ်နှင်းထားသူမှ လက်မှတ်ရေးထိုး၍ အသင်းတံဆိပ် ရိုက်နှိပ်ထုတ်ပေးရမည်။

၁၃။ **အပယ်ခံရသော အသင်းဝင်အဆိုပြုလွှာ။** အသင်းဝင်ရန် လျှောက်ထားသူသည် ဝင်ခွင့်မရဘဲ ငြင်းပယ်ခြင်းခံရပါက ငြင်းပယ်ခံရသောအကြောင်းနှင့်ပတ်သက်၍ ပြင်ဆင်ခြင်း ပြုပြင်ခြင်း ပြုလုပ်ပြီးနောက် အထက်အပိုဒ် (၈)နှင့် ညီညွတ်ပါက ပြန်လည်လျှောက်ထားနိုင်သည်။

၁၄။ **အသင်းဝင်ကြေးနှင့်နှစ်စဉ်ကြေး**

(က) အသင်းဝင်လျှောက်လွှာနှင့်အတူ အသင်းဝင်ကြေးနှင့် နှစ်စဉ်ကြေးကိုပါ တစ်ပါတည်း ပေးဆောင်ရမည်။ အကယ်၍ အသင်းဝင်အဖြစ် ရွေးချယ်မခံရသော် ငွေကို ပြန်လည်ထုတ်ပေးရမည်။ အသင်းသား၏နှစ်စဉ်ကြေးမှာ ဇန်နဝါရီလ (၁) ရက်နေ့မှ ဒီဇင်ဘာလ (၃၁) ရက်နေ့အထိ တစ်နှစ်အတွက် နှစ်စဉ်ကြေးဖြစ်၍ ကြိုတင်ပေးသွင်း ရမည်။

(ခ) အသင်း၏ အသင်းဝင်ကြေး နှင့် နှစ်စဉ်ကြေးကို ဗဟိုအလုပ်အမှုဆောင်အဖွဲ့က အခါအားလျော်စွာ ပြင်ဆင်သတ်မှတ်နိုင်သည်။

၁၅။ **အသင်း၏ အသင်းသားအမျိုးအစား။** အသင်း၏ အသင်းသားများကို အောက်ပါအတိုင်း အမျိုးအစား ခွဲခြားသတ်မှတ်ရမည်-

(က) **သာမန်အသင်းသား (Ordinary Member)**

အသင်း၏ သင်းဖွဲ့စည်းမျဉ်း အခန်း (၂) အပိုဒ် ၇ (က)(ဂ)(ဃ)(င) အထိ အကျုံးဝင်၍ အသင်းက အသင်းသားအဖြစ် တရားဝင် လက်ခံအသိအမှတ်ပြုခံရသော အသင်းအဖွဲ့များနှင့် တသီးပုဂ္ဂလတစ်ဦးချင်း မြန်မာနိုင်ငံသားများ၊

(ခ) **ရာသက်ပန်အသင်းသား (Life Member)**

(ခ-၁) သာမန်အသင်းသားအဖြစ် သက်တမ်း (၂)နှစ်ပြည့်ပြီး အသက် ၄၅ နှစ် အထက် ရှိ၍ သတ်မှတ်အသင်းဝင်ကြေးပေးဆောင်ပြီး တသီးပုဂ္ဂလ တစ်ဦးချင်းအသင်းသားများ။

(ခ-၂) သာမန်အသင်းသား (သို့မဟုတ်) ညီနောင်အသင်းအဖြစ် သက်တမ်း (၂) နှစ်ပြည့်ပြီး၍ သတ်မှတ် အသင်းဝင်ကြေးပေးဆောင်ပြီးသော အသင်းအဖွဲ့များနှင့် လုပ်ငန်းတူ အစုအဖွဲ့များ။

(ဂ) ညီနောင်အသင်း **(Affialiated Member)**

သင်းဖွဲ့စည်းမျဉ်း အခန်း(၂) အပိုဒ် ၇(ခ)ပါ အရည်အချင်းပြည့်စုံ၍ အသင်းတွင် သာမန် အသင်းသား (သို့မဟုတ်) ရာသက်ပန်အသင်းသားအဖြစ် ဝင်ရောက်ထားသော အသင်း အဖွဲ့နှင့် လုပ်ငန်းတူအစုအဖွဲ့များ၊

(ဃ) တွဲဖက်အသင်းသား **(Associate Member)**

သင်းဖွဲ့စည်းမျဉ်း အခန်း(၂) အပိုဒ် ၇ အပိုဒ်ခွဲ (စ)ပါ အရည်အချင်းပြည့်စုံသူ နိုင်ငံခြား သားများပိုင် စက်ဆီ၊ ချောဆီ လုပ်ငန်းရှင်ပုဂ္ဂိုလ်၊ အဖွဲ့အစည်း (သို့မဟုတ်) ကိုယ်စား လှယ်လွှဲအပ်ခံရသူ တွဲဖက်အသင်းသားသည် အသင်းက ဖိတ်ကြားထားသော အစည်း အဝေးများ၊ အခမ်းအနားများတွင် တက်ရောက်ဆွေးနွေးအကြံပေးပိုင်ခွင့်ရှိသည်။ သို့ရာ တွင် ရွေးချယ်ခံပိုင်ခွင့်နှင့် ဆန္ဒမဲပေးခွင့်မရှိစေရ။

(င) ဂုဏ်ထူးဆောင်ဥက္ကဋ္ဌ **(Honorary Chairman)** နှင့် ဂုဏ်ထူးဆောင်အသင်းသား **(Honoray Member)**

(၁) အသင်းဥက္ကဋ္ဌတာဝန်မှ လတ်တလောအနားယူသွားသော ယခင်ဥက္ကဋ္ဌ (Immediate Past President- IPP) အား ဂုဏ်ထူးဆောင်ဥက္ကဋ္ဌ (Honorary Chairman) အဖြစ် ဗဟိုအလုပ်အမှုဆောင်အဖွဲ့က သတ်မှတ်နိုင်သည်။ ဂုဏ်ထူးဆောင် ဥက္ကဋ္ဌ၏ သက်တမ်းသည် လက်ရှိဆောင်ရွက်နေသည့် အသင်းဥက္ကဋ္ဌ၏ သက်တမ်း အတိုင်းဖြစ်သည်။

(၂) ရေနံနှင့်ရေနံထွက်ပစ္စည်းဆိုင်ရာလုပ်ငန်းများကို နှစ်ပေါင်းများစွာ စွမ်းစွမ်းတမံ ဆောင်ရွက်ခဲ့သော လုပ်ငန်းကျွမ်းကျင်သူပုဂ္ဂိုလ်များ၊ အသိပညာရှင်များ၊ အတတ်ပညာရှင်များ၊ ဥပဒေဆိုင်ရာပညာရှင်များ၊ အသင်း၏လုပ်ငန်းများကို တိုးတက်ဖွံ့ဖြိုးအောင်မြင်ကြီးပွားစေရန် အထောက်အကူပြုနိုင်သော ပုဂ္ဂိုလ်များကို အသင်း၏ ဂုဏ်ထူးဆောင် အသင်းသားအဖြစ် အသင်းဗဟိုအလုပ်အမှုဆောင်အဖွဲ့က ရွေးချယ်သတ်မှတ်နိုင်သည်။

(၃) ဂုဏ်ထူးဆောင်ဥက္ကဋ္ဌ နှင့် ဂုဏ်ထူးဆောင်အသင်းသားသည် အသင်းဝင်ကြေး နှင့် နှစ်စဉ်ကြေးပေးသွင်းရန်မလိုပါ။

(၄) ဂုဏ်ထူးဆောင်ဥက္ကဋ္ဌ နှင့် ဂုဏ်ထူးဆောင်အသင်းသားသည် အသင်းက ဖိတ်ကြား သော အစည်းအဝေးများ၊ အခမ်းအနားများတွင် တက်ရောက် ဆွေးနွေး အကြံပေး နိုင်ခွင့်ရှိသည်။ သို့ရာတွင် ရွေးချယ်ခံပိုင်ခွင့် နှင့် ဆန္ဒမဲပေးခွင့်မရှိစေရ။

၁၆။ **ရုံးတံဆိပ်။** အသင်း၏ ရုံးတံဆိပ်တုံးကို ဗဟိုအလုပ်အမှုဆောင်အဖွဲ့က သတ်မှတ်ပေးထားပြီး တာဝန်ရှိသူမှအပ အသုံးပြုခြင်းမရှိစေရ၊ သတ်မှတ်ပေးထားသည့် တာဝန်ရှိသူသည် အသင်းကိစ္စမှတစ်ပါး အခြားသုံးစွဲခြင်းမရှိစေရ။

## အခန်း (၃)
## အသင်းဝင်များ၏ အခွင့်အရေးနှင့်တာဝန်များ

၁၇။ **အသင်းဝင်များ၏ အခွင့်အရေးများ**

(က) ရွေးချယ်တင်မြှောက်ပွဲများနှင့် မဲခွဲဆုံးဖြတ်သည့် ကိစ္စများတွင် ဆန္ဒပြုခြင်း၊ ဆန္ဒမဲပေးခြင်း ပြုလုပ်နိုင်သည်။

(ခ) သက်ဆိုင်ရာအမှုဆောင်အဖွဲ့၏ တာဝန်ပေးချက်အရ လုပ်ငန်းအစုအဖွဲ့ငယ်များတွင် လည်းကောင်း၊ ရေးရာကော်မတီများတွင်လည်းကောင်း ပါဝင်ဆောင်ရွက်ခွင့်ရှိသည်။

(ဂ) အသင်း၏ရည်ရွယ်ချက်များ ဖြစ်ထွန်းအောင်မြင်မှုရှိစေရန် အပြုသဘောဆောင်သည့် စနစ်ကျသော မှန်ကန်သော အတွေးအခေါ်များဖြင့် အကြံဉာဏ်ကောင်းများနှင့် စာတမ်းများကို စာဖြင့်တင်ပြပိုင်ခွင့်ရှိသည်။

(ဃ) အသင်းမှဖိတ်ကြားသော အစည်းအဝေးများ၊ ဆွေးနွေးပွဲများ၊ ဟောပြောပွဲများ၊ လေ့လာရေးခရီး၊ ကုန်စည်ပြပွဲအခမ်းအနားများသို့ တက်ရောက်ခွင့်၊ ဆွေးနွေးခွင့်နှင့် အကြံပေး ခွင့်ရှိသည်။

(င) ဒေသအလိုက် အခါအားလျော်စွာ ပြည်တွင်း ပြည်ပ ကုန်ပစ္စည်းဈေးကွက်အခြေအနေ၊ စက်ဆီချောဆီနှင့် ဆက်စပ်ပစ္စည်းသတင်းများ၊ စက်ပစ္စည်းကိရိယာဈေးနှုန်းသတင်းများ၊ ကူးသန်းရောင်းဝယ်ရေးသတင်းများ၊ စက်မှုလက်မှုနည်းပညာများ စသည့်သတင်း အချက်အလက်များ၊ စာရွက်စာတမ်းများကို လက်ခံရယူနိုင်ခွင့်နှင့် ဝန်ဆောင်မှုများကို ခံစားခွင့်ရှိသည်။ အထူးကိစ္စရပ်များနှင့်ဆိုင်သော ကန့်သတ်စာရွက်စာတမ်းများကို ကြည့်ရှုခွင့်၊ ကူးယူခွင့်ရှိသည်။

(စ) အသင်းသားများ၏ လုပ်ငန်းဆိုင်ရာ စက်ဆီ၊ ချောဆီနှင့် ဆက်စပ်ပစ္စည်းရေးရာကိစ္စနှင့် စပ်လျဉ်း၍ ဆွေးနွေးရန်အတွက် ဗဟိုအလုပ်အမှုဆောင်ကော်မတီအဖွဲ့၏ သတ်မှတ်ထားသော စည်းမျဉ်းစည်းကမ်းဖြင့် အသင်းအစည်းအဝေးခန်းမကို အသုံးပြုခွင့်ရှိသည်။

၁၈။ **အသင်းဝင်များ၏ တာဝန်ဝတ္တရားများ**

(က) အသင်းဝင်များသည် အသင်းဝင်ကြေးနှင့် နှစ်စဉ်ကြေးကို သတ်မှတ်ချက်ကာလအတွင်း ပေးသွင်းရမည်။

(ခ) အသင်း၏ သင်းဖွဲ့စည်းမျဉ်းပါ သတ်မှတ်ထားသော စည်းမျဉ်းစည်းကမ်းကို အစဉ်သတိချပ်လိုက်နာရမည်။

(ဂ) အသင်းက အခါအားလျော်စွာပေးအပ်သော တာဝန်များကို ကိုယ်စွမ်းဉာဏ်စွမ်းရှိသရွေ့ ကျေပွန်စွာ ထမ်းဆောင်ရမည်။

(ဃ) အသင်းရုံးမှုပျက်ပြားစေမည့် အုပ်စုဖွဲ့၍ သင်းကွဲ ဂိုဏ်းကွဲ ထူထောင်ခြင်းမပြုလုပ်ရ။

(င) ဗဟိုအလုပ်အမှုဆောင်အဖွဲ့၊ အလုပ်အမှုဆောင်အဖွဲ့ဝင်များသည် မိမိကိုယ်ရေးကိုယ်တာကိစ္စမှအပ အသင်း၏ကိစ္စများကို လျှို့ဝှက်ဆောင်ရွက်ခြင်းမပြုရ။

(စ) အသင်းဂုဏ်သိက္ခာကျဆင်းစေမည့် မည်သည့်ကိစ္စရပ်မဆို ပြောဆိုလုပ်ကိုင်ခြင်း မပြုလုပ်ရ။

(ဆ) အသင်းသားများမှ လိပ်စာ၊ တယ်လီဖုန်း၊ အီးမေး(လ်)၊ လုပ်ငန်းပြောင်းရွှေ့ခြင်းများရှိပါက အသင်းသို့ အမြဲမပြတ် ဆက်သွယ် ဆောင်ရွက်အကြောင်းကြားရမည်။

## အခန်း (၄)

## အသင်းဝင်အဖြစ်မှ ရပ်စဲခြင်း

၁၉။ **အသင်းဝင်အဖြစ်မှ ရပ်စဲခြင်း။** အသင်းဝင်တစ်ဦးသည် အောက်ဖော်ပြပါ အချက်များအနက် တစ်ခုခုဖြစ်ပေါ်လာပါက ဗဟိုအလုပ်အမှုဆောင်အဖွဲ့နှင့် အလုပ်အမှုဆောင်အဖွဲ့၏ အစည်းအဝေး ဆုံးဖြတ်ချက်ဖြင့် အသင်းဝင်အဖြစ်မှ ရပ်စဲရမည်-

(က) သေဆုံးခြင်း။

(ခ) နိုင်ငံတော်အား ပုန်ကန်မှုဖြင့် တရားရုံးပြစ်ဒဏ်ချမှတ်စီရင်ခံရခြင်း။

(ဂ) သာသနာ့ဘောင်သို့ ထာဝစဥ် ဝင်ရောက်ခြင်း။

(ဃ) ရှုံးသွပ်ခြင်း။

(င) ကိုယ်ရောပြားရောဂါ စွဲကပ်ခြင်း။

(စ) အကျင့်စာရိတ္တထိခိုက်စေသည့် ရာဇဝတ်မှုကျူးလွန်ကြောင်း ထင်ရှားစီရင်ခံရခြင်း။

(ဆ) အသင်း၏လုပ်ငန်းစဉ်နှင့် ရည်ရွယ်ချက်ကို ဆန့်ကျင်လျက် အသင်း၏အကျိုးစီးပွားကို ထိခိုက်စေအောင် ပြုမူဆောင်ရွက်ခြင်းနှင့် ရေးသားလှုံ့ဆော်စည်းရုံး ဆောင်ရွက်ခြင်း။

(ဇ) အသင်းဝင်ကိုယ်တိုင် နှုတ်ထွက်ခွင့်တောင်းခံသည်ကို ခွင့်ပြုခြင်း။

(ဈ) သက်ဆိုင်ရာအသင်း၏ အစည်းအဝေးများသို့ ခိုင်လုံသောအကြောင်းပြချက်မရှိဘဲ တစ်ဆက်တည်းခွင့်မဲ့ (၃) ကြိမ်ပျက်ကွက်ခြင်း။

(ည) နှစ်စဉ်ကြေးကို ပေးသွင်းမှုမရှိပါသဖြင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့က ဆုံးဖြတ်ချက်အရ အသင်း၏အသင်းသားအဖြစ် ရပ်စဲခံရခြင်း။

(ဋ) အသင်းအဖွဲ့အစည်းအနေဖြင့် တည်ဆဲဥပဒေအရ ဖွဲ့စည်းမှတ်ပုံတင်ထားခြင်းမှ ပယ်ဖျက်ခြင်းခံရခြင်း။

(ဌ) နာမည်ပျက်စာရင်းတွင် ထည့်သွင်းသတ်မှတ်ခံရကြောင်း သက်ဆိုင်ရာမှ တရားဝင်စာဖြင့် အကြောင်းကြားခံရခြင်း။

၂၀။ **အသင်းဝင်အဖြစ်မှ နှုတ်ထွက်ခြင်း။** မည်သည့်အသင်းသားမဆို အသင်းမှနှုတ်ထွက်လိုလျှင် အထွေထွေအတွင်းရေးမှူးထံသို့ မိမိနှုတ်ထွက်လိုကြောင်း စာဖြင့် (တစ်လ) ကြိုတင်အကြောင်းကြားလျက် ဗဟိုအလုပ် အမှုဆောင်အဖွဲ့၏ အဆုံးအဖြတ်ဖြင့် ထိုသူသည် အသင်းမှ အသင်းသားအဖြစ် နှုတ်ထွက်ခွင့်ပြုရမည်။ ကြိုတင်၍ ပေးဆောင်ထားသော ငွေကြေး တစ်စုံတစ်ရာ ပြန်လည်တောင်းဆိုနိုင်ခွင့် မရှိစေရ။

၂၁။ **အသင်းဝင်အဖြစ်မှ ထုတ်ပယ်ခြင်း။** အသင်းသားတစ်ဦးအား အခန်း(၄) အပိုဒ် ၁၉ ပါ အကြောင်းအရာတစ်ခုခုကြောင့် အသင်းသားအဖြစ် ဆက်လက်တည်ရှိနေခြင်းကို မလိုလားအပ်ဟု ဗဟိုအလုပ်အမှုဆောင်အဖွဲ့က ဆုံးဖြတ်ပိုင်ခွင့်ရှိစေရမည်။

၂၂။ **အယူခံနိုင်ခွင့်။** အသင်းဝင်အဖြစ်မှ ရပ်စဲခြင်းခံရသူများသည် ကျေနပ်မှုမရှိပါက အနီးကပ်ဆုံးပြုလုပ်သည့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့အစည်းအဝေးသို့ အယူခံနိုင်ခွင့်ရှိသည်။ ထိုအစည်းအဝေးဆုံးဖြတ်ချက်သည် အတည်ဖြစ်သည်။

## အခန်း (၅)
## ဖွဲ့စည်းတည်ဆောက်ပုံ

၂၃။ **ဖွဲ့စည်းပုံသတ်မှတ်ခြင်း။** အသင်း၏ ရည်ရွယ်ချက်များနှင့် လုပ်ငန်းတာဝန်များကို အကောင်အထည်ဖော်ဆောင်ရွက်ရန်အတွက် အောက်ပါအဖွဲ့များကို ဖွဲ့စည်းတည်ထောင်ရမည်-

(က) ဂုဏ်ထူးဆောင်နာယကအဖွဲ့။

(ခ) ဂုဏ်ထူးဆောင်ဥက္ကဋ္ဌ။

(ဂ) အကြံပေးများအဖွဲ့။

(ဃ) ဗဟိုအလုပ်အမှုဆောင်အဖွဲ့။

(င) အလုပ်အမှုဆောင်အဖွဲ့။

(စ) စီမံခန့်ခွဲရေးကော်မတီ။

(ဆ) ရေးရာလုပ်ငန်းကော်မတီများ။

၂၄။ **ဂုဏ်ထူးဆောင်နာယကအဖွဲ့။** အများကြည်ညိုလေးစားၡ၍ နာယကဂုဏ် (၆) ပါးနှင့် ပြည့်စုံပြီး ဗဟုသုတအတွေ့အကြုံများနှင့် ပြည့်စုံသောပုဂ္ဂိုလ်များကို အမှုဆောင်အဖွဲ့က ဂုဏ်ထူးဆောင်နယက အဖွဲ့တွင် အဖွဲ့ဝင်အဖြစ်ဖြင့် ရွေးချယ်လျာထား၍ တာဝန်ပေးခန့်ထားနိုင်သည်။ အဆိုပါ ဂုဏ်ထူးဆောင်နယကအဖွဲ့၏ သက်တမ်းမှာ အမှုဆောင်အဖွဲ့၏ သက်တမ်းအတိုင်းဖြစ်သည်။

၂၅။ **ဂုဏ်ထူးဆောင်ဥက္ကဋ္ဌ။** အသင်းဥက္ကဋ္ဌ တာဝန်မှ လတ်တလော အနားယူသွားသော ယခင် ဥက္ကဋ္ဌ (Immediate Past President_IPP) အား ဂုဏ်ထူးဆောင်ဥက္ကဋ္ဌ (Honorary Chairman) အဖြစ် ဗဟိုအလုပ်အမှုဆောင်အဖွဲ့က သတ်မှတ်ရမည်။

၂၆။ **အကြံပေးပုဂ္ဂိုလ်များအဖွဲ့ ဖွဲ့စည်းခြင်း။** အသင်းမှ အကောင်အထည်ဖော်ဆောင်ရွက်သည့် လုပ်ငန်းကိစ္စရပ်များ စနစ်တကျရှိရေးနှင့် အသင်းရေရှည်တည်တံ့ဖွံ့ဖြိုးရေးအတွက် လိုအပ်သော အကြံဥာဏ်များကို ရယူဆောင်ရွက်နိုင်စေရန် အဖွဲ့ဝင် (၇)ဦး ထက် မပိုသော လုပ်ငန်းဆိုင်ရာ ဘာသာရပ် ကျွမ်းကျင်သူပုဂ္ဂိုလ်များကို အမှုဆောင်အဖွဲ့မှ စိစစ်ရွေးချယ်ပြီး တာဝန်ပေးအပ်ခန့်ထားနိုင်သည်။ အဆိုပါအကြံပေးအဖွဲ့သက်တမ်းမှာ အမှုဆောင်အဖွဲ့၏ သက်တမ်းအတိုင်းဖြစ်သည်။

၂၇။ **ဗဟိုအလုပ်အမှုဆောင်နှင့် အလုပ်အမှုဆောင်အဖွဲ့ ဖွဲ့စည်းခြင်း။** အသင်း၏ ရည်ရွယ်ချက်များနှင့် ချမှတ်ထားသော လုပ်ငန်းစဉ်များ ဖြစ်မြောက်အောင်ဆောင်ရွက်ပေးခြင်း၊ မူဝါဒပေါ်လစီများ ချမှတ်လုပ်ကိုင်ပေးခြင်း၊ လုပ်ငန်းစီမံချက်များ ချမှတ်လမ်းညွှန်ထိန်းကျောင်းကြီးကြပ်ကွပ်ကဲခြင်း ဆောင်ရွက်ရန် ဗဟိုအလုပ်အမှုဆောင်နှင့် အလုပ်အမှုဆောင်အဖွဲ့ဝင်များကို ရွေးချယ်တင်မြောက်ပွဲကြီးကြပ်ရေးကော်မရှင်ဖွဲ့စည်း၍ အသင်းသားများထဲမှ ဆန္ဒမဲပေးခွင့်ရှိသူများ၏ ဆန္ဒဖြင့် အောက်ပါအတိုင်း ရွေးချယ်ရမည်-

(က) ဗဟိုအလုပ်အမှုဆောင်နှင့် အလုပ်အမှုဆောင်ရွေးချယ်တင်မြောက်ပွဲအတွက် အလိုအလျောက် အလုပ်အမှုဆောင်အဖွဲ့ဝင်အဖြစ် သတ်မှတ်ခြင်းခံရသူများများမှအပ ကျန် လိုအပ်သော

အလုပ်အမှုဆောင်များကို ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများမှ မဲဆန္ဒဖြင့်ရွေးချယ်ရမည်။ အလုပ်အမှုဆောင်ဦးရေ (၃၅) သတ်မှတ်သည်။

(ခ) ယင်းအလုပ်အမှုဆောင် (၃၅) ဦးက အောက်ဖော်ပြပါ ဗဟိုအလုပ်အမှုဆောင် နှင့် အလုပ်အမှုဆောင်များကို ထပ်မံရွေးချယ်တင်မြှောက်ရမည်။

| | | | |
|---|---|---|---|
| (၁) | ဥက္ကဋ္ဌ | ၁ | ဦး |
| (၂) | ဒု-ဥက္ကဋ္ဌ | ၂ | ဦး |
| (၃) | အထွေထွေအတွင်းရေးမှူး | ၁ | ဦး |
| (၄) | တွဲဖက်အထွေထွေအတွင်းရေးမှူး | ၂ | ဦး |
| (၅) | ဘဏ္ဍာရေးမှူး | ၁ | ဦး |
| (၆) | အကျိုးဆောင်စာရင်းစစ် | ၁ | ဦး |
| (၇) | ဗဟိုအလုပ်အမှုဆောင်အဖွဲ့ | ၁၃ | ဦး |
| | ဗဟိုအလုပ်အမှုဆောင်စုစုပေါင်း | ၂၁ | ဦး |
| (၈) | အလုပ်အမှုဆောင်အဖွဲ့ဝင် | ၁၄ | ဦး |
| | (ဗဟိုအလုပ်အမှုဆောင် + အလုပ်အမှုဆောင်စုစုပေါင်း | ၃၅ | ဦး |

(ဂ) **ဗဟိုအလုပ်အမှုဆောင်နှင့် အလုပ်အမှုဆောင်ရွေးချယ်ရာတွင် လိုက်နာရမည့်အချက်များ**

(၁) အလုပ်အမှုဆောင်အဖွဲ့ဝင်များကို အောက်ပါကိုယ်စားလှယ်များအတိုင်း ဖွဲ့စည်းရမည်။ အောက်ဖော်ပြပါ အလုပ်အမှုဆောင်မှ ကိုယ်စားလှယ် ၁ ဦးစီသည် ဆန္ဒမဲပေး၍ရွေးချယ်ရန်မလိုဘဲ အလိုအလျောက် အလုပ်အမှုဆောင်အဖွဲ့ဝင်အဖြစ် သတ်မှတ်ခြင်းခံရမည်။

(၁-က) ညီနောင်အသင်းမှ စေလွှတ်သောကိုယ်စားလှယ် ၁ ဦးစီ

(၁-ခ) ပြည်နယ်/တိုင်းဒေသကြီး နေပြည်တော်ကောင်စီတို့ထံမှ စက်ဆီ၊ ချောဆီ လုပ်ငန်းဆိုင်ရာအသင်းများမှ ကိုယ်စားလှယ် ၁ ဦးစီ

(၂) အသင်း၏လိုအပ်ချက်အရ အမှုဆောင်အရေအတွက် (Quota) ကို ဗဟိုအလုပ်အမှုဆောင်အစည်းအဝေးမှ လိုအပ်သလို ပြင်ဆင်သတ်မှတ်နိုင်သည်။

(ဃ) လစ်လပ်သောနေရာများအတွက် ရွေးချယ်ဖြည့်ဆည်းတာဝန်ပေးရန်လိုအပ်သည်ဟု ဆုံးဖြတ်ပါက ဗဟိုအလုပ်အမှုဆောင်အဖွဲ့သည် အောက်ပါအတိုင်း ဆောင်ရွက်ရမည်-

(၁) ဥက္ကဋ္ဌရာထူးနေရာဖြစ်ပါက ဒုတိယဥက္ကဋ္ဌထဲမှ တစ်ဦးဦးအား ဗဟိုအလုပ်အမှုဆောင်ဝင်များ၏ ဆန္ဒဖြင့် ရွေးချယ်တင်မြှောက်ရမည်။

(၂) အထွေထွေအတွင်းရေးမှူးရာထူးနေရာဖြစ်ပါက တွဲဖက်အထွေထွေအတွင်းရေးမှူးများထဲမှ တစ်ဦးဦးအား ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များ၏ မဲဆန္ဒဖြင့် ရွေးချယ်တင်မြှောက်ရမည်။

(၃) အခြားအဓိကရာထူးနေရာများဖြစ်ပါက ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များထဲမှ တစ်ဦးဦးအား ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များ၏ မဲဆန္ဒဖြင့် ရွေးချယ်တင်မြှောက်ရမည်။

(၄) လစ်လပ်သော ဗဟိုအလုပ်အမှုဆောင်များရှိပါက အလုပ်အမှုဆောင်များထဲမှ မဲဆန္ဒဖြင့် ရွေးချယ်တင်မြှောက်ရမည်။

## ၂၈။ စီမံခန့်ခွဲရေးကော်မတီ

(က) အသင်း၏ စီမံခန့်ခွဲရေးကော်မတီကို ဗဟိုအလုပ်အမှုဆောင်အဖွဲ့တွင် အဓိကရာထူးတာဝန်ကို ထမ်းဆောင်နေသော ပုဂ္ဂိုလ်များ၏ ဦးရေအတိုင်း ယင်းပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းရမည်။

(ခ) စီမံခန့်ခွဲရေးကော်မတီတွင် ဥက္ကဋ္ဌအဖြစ် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဥက္ကဋ္ဌကလည်းကောင်း၊ ဒုတိယဥက္ကဋ္ဌအဖြစ် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ ဒုတိယဥက္ကဋ္ဌတစ်ဦးကလည်းကောင်း၊ အထွေထွေအတွင်းရေးမှူး အဖြစ် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ အထွေထွေအတွင်းရေးမှူးကလည်းကောင်း၊ တွဲဖက်အတွင်းရေးမှူးအဖြစ် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ တွဲဖက်အထွေထွေအတွင်းရေးမှူးတစ်ဦးကလည်းကောင်း တာဝန်ယူဆောင်ရွက်ပြီး ကျန်ပုဂ္ဂိုလ်များသည် အဖွဲ့ဝင်များအဖြစ် ပါဝင်ဆောင်ရွက်ကြရမည်။

## ၂၉။ ရေးရာလုပ်ငန်းကော်မတီများ

(က) အသင်း၏ရည်ရွယ်ချက်များနှင့် လုပ်ငန်းတာဝန်များကို ထမြောက်အောင်မြင်စေရန်အတွက် လိုအပ်သည့် ရေးရာ/လုပ်ငန်းကော်မတီများ၊ ဆပ်ကော်မတီများကို ဗဟိုအလုပ် အမှုဆောင်အဖွဲ့က လိုအပ်သလို ဖွဲ့စည်းတာဝန်ပေးအပ်နိုင်သည်။

(ခ) ယင်းလုပ်ငန်း/ရေးရာကော်မတီများ၊ ဆပ်ကော်မတီများတွင် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များနှင့် အလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ အသင်းသားများ၊ ကျွမ်းကျင်သူ ပညာရှင်များကို ထည့်သွင်းဖွဲ့စည်းနိုင်သည်။

(ဂ) လုပ်ငန်း/ရေးရာလုပ်ငန်းကော်မတီ၊ ဆပ်ကော်မတီ တစ်ခုစီတွင် ပါဝင်သူများထဲမှ ဥက္က ဋ္ဌတစ်ဦး၊ ဒုတိယဥက္ကဋ္ဌတစ်ဦးနှင့် အတွင်းရေးမှူးတစ်ဦးကို ရွေးချယ်တာဝန် ပေးအပ်ပြီး ကျန်ပုဂ္ဂိုလ်များက အဖွဲ့ဝင်များအဖြစ် ဆောင်ရွက်ရမည်။

(ဃ) လုပ်ငန်း/ရေးရာလုပ်ငန်းကော်မတီ၊ ဆပ်ကော်မတီတစ်ခုချင်း၏ အဖွဲ့ဝင်ဦးရေကို ကန့် သတ်ချက်မရှိစေရ။

၃၀။ **လုပ်ငန်းတူအစုအဖွဲ့များ ဖွဲ့စည်းခြင်း။** အသင်း၏ ဦးဆောင်မှုအောက်တွင် စက်ဆီ၊ ချောဆီ လုပ် ငန်းအမျိုးအစားအလိုက် လုပ်ငန်းတူအစုအဖွဲ့များစုစည်း၍ ဖွဲ့စည်းပေးခြင်းကို ဗဟိုအလုပ် အမှုဆောင် အဖွဲ့က တာဝန်ယူဖွဲ့စည်းရမည်။

၃၁။ **ညီနောင်အသင်းများဖွဲ့စည်းခြင်း။**

**(က)** ဗဟိုအလုပ်အမှုဆောင်အဖွဲ့နှင့် အလုပ်အမှုဆောင်အဖွဲ့သည် လိုအပ်သည်ဟု ယူဆပါက လုပ်ငန်းဆိုင်ရာဝန်ဆောင်မှုလုပ်ငန်းအလိုက် အသင်းများကို တည်ထောင်ဖွဲ့စည်းရေး အတွက် လိုအပ်သလို စည်းရုံးခြင်း၊ ဖွဲ့စည်းခြင်း၊ ဦးဆောင်ခြင်း နှင့် အားပေးကူညီခြင်း များပြုလုပ်နိုင်သည်။

(ခ) အသင်းသည် ယင်းသို့ဖွဲ့စည်းတည်ထောင်ပြီးဖြစ်သော ညီနောင်အသင်းများ ရပ်တည် ရှင်သန်၍ ဖွံ့ဖြိုးတိုးတက်အောင်မြင်စေရေးအတွက် ဦးဆောင်မှုပေးခြင်း၊ အားပေး ကူညီ ခြင်း နှင့် ပူးပေါင်းဆောင်ရွက်ခြင်းများပြုလုပ်ပေးရမည်။

၃၂။ **ပြည်နယ်များ၊ တိုင်းဒေသကြီးများ၊ နေပြည်တော်ကောင်စီနယ်မြေနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသများတွင် စက်ဆီ၊ ချောဆီနှင့် ဆက်စပ်ပစ္စည်း လုပ်ငန်းဆိုင်ရာအသင်းများဖွဲ့စည်းခြင်း။**

(က) ဗဟိုအလုပ်အမှုဆောင်အဖွဲ့နှင့် အလုပ်အမှုဆောင်အဖွဲ့သည် လိုအပ်သည်ဟု ထင်မြင် ယူဆပါက ပြည်နယ်များ၊ တိုင်းဒေသကြီးများ၊ နေပြည်တော်ကောင်စီနယ်မြေနှင့် ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသများတွင် စက်ဆီ၊ ချောဆီနှင့်ဆက်စပ်ပစ္စည်းလုပ်ငန်းဆိုင်ရာအသင်း များကို အသင်းကဦးဆောင်၍ ကြီးကြပ်ဖွဲ့စည်းရမည်။

(ခ) ကြီးကြပ်ဖွဲ့စည်းပေးသောအခါ၌ လိုအပ်သော သင်းဖွဲ့စည်းမျဉ်းများကို ကူညီရေးဆွဲပေး ရမည်။ ယင်းအဖွဲ့များကို ဦးဆောင်မှုပေး၍ ကြီးကြပ်ကွပ်ကဲရမည်။

(ဂ) အမှုဆောင်များရွေးကောက်ပွဲကျင်းပခြင်းမပြုလုပ်နိုင်သေးပါက သင့်လျော်သူများကို အသင်းအမှုဆောင်များအဖြစ် အဖွဲ့၏ဗဟိုအလုပ်အမှုဆောင်အဖွဲ့က ယာယီတာဝန်ပေး ခန့်ထားနိုင်သည်။

(ဃ) ရွေးကောက်ပွဲကျင်းပရန် လိုအပ်ပါက ရွေးကောက်ပွဲကော်မရှင်တစ်ရပ်ကို ဖွဲ့စည်း ပေး နိုင်သည်။

(င) ပြည်နယ်များ၊ တိုင်းဒေသကြီးများ၊ နေပြည်တော်ကောင်စီနယ်မြေနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ အသင်းများ၏ ကိုယ်စားလှယ်များကို သင့်လျော်သောအရေအတွက် သတ်မှတ်၍ အသင်း၏ အမှုဆောင်များလုပ်ငန်းကော်မတီများ၌ ထည့်သွင်းဖွဲ့စည်းနိုင်သည်။

(စ) အဆိုပါအသင်းများကို မြန်မာနိုင်ငံကုမ္ပဏီများဥပဒေနှင့်အညီ တရားဝင်မှတ်ပုံတင်စေရမည်။

(ဆ) အဆိုပါအသင်းများသည် အသင်း၏ အသင်းဝင်များအဖြစ် လျှောက်ထား၍ အသင်းဝင်များဖြစ်စေရမည်။

၃၃။ **ရုံးအဖွဲ့ဖွဲ့စည်းခြင်း**

(က) ဗဟိုအလုပ်အမှုဆောင်အဖွဲ့သည် အသင်းရုံးအဖွဲ့ကိုလည်းကောင်း၊ အသင်းရုံးခွဲ၏ ရုံးအဖွဲ့ကိုလည်းကောင်း လိုအပ်သလိုဖွဲ့စည်း၍ ဝန်ထမ်းများကို ရွေးချယ်ခန့်ထား တာဝန်ပေးအပ်ရမည်။

(ခ) အဆိုပါ ရုံးအဖွဲ့နှင့် ရုံးအဖွဲ့ခွဲတို့၏ လုပ်ငန်းအဝဝကို အသင်း၏ အထွေထွေအတွင်းရေးမှူးနှင့် တွဲဖက်အထွေထွေအတွင်းရေးမှူးများပါဝင်သော အတွင်းရေးမှူးအဖွဲ့က ကြီးကြပ်ကွပ်ကဲ၍ စီမံခန့်ခွဲရေးကော်မတီက လမ်းညွှန်ထိန်းကျောင်းဆောင်ရွက်ရမည်။

၃၄။ **ရုံးခွဲများဖွင့်လှစ်ခြင်း။** ဗဟိုအလုပ်အမှုဆောင်အဖွဲ့နှင့် အလုပ်အမှုဆောင်အဖွဲ့က လိုအပ်သည်ဟု ထင်မြင်ယူဆလျှင် နေပြည်တော်နှင့် အခြားလိုအပ်သောတိုင်းဒေသကြီးနှင့် ပြည်နယ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတို့တွင် အသင်း၏ ရုံးခွဲများဖွင့်လှစ်၍ လုပ်ငန်းများဆောင်ရွက်နိုင်သည်။

၃၅။ **သက်တမ်းကာလသတ်မှတ်ချက်။**

(က) အသင်းဗဟိုအလုပ်အမှုဆောင်အဖွဲ့နှင့် အလုပ်အမှုဆောင်အဖွဲ့တို့၏ သက်တမ်းသည် တစ်ကြိမ်လျှင် ၃ နှစ်ဖြစ်သည်။

(ခ) သက်တမ်းတစ်ကြိမ် ၃ နှစ်ပြည့်သည့်အခါ လက်ရှိဗဟိုအလုပ်အမှုဆောင်အဖွဲ့နှင့် အလုပ်အမှုဆောင်အဖွဲ့ဝင်များအားလုံး နှုတ်ထွက်၍ အမှုဆောင်အသစ်များကို ရွေးချယ် တင်မြှောက်ရမည်။

(ဂ) အသင်းကဖွဲ့စည်းတာဝန်ပေးအပ်သော အခြားအဖွဲ့များ၊ ကော်မတီများ၊ လုပ်ငန်း ကော်မတီများ၊ ကော်မရှင်များ စသည်တို့သည်လည်း အလိုအလျောက် တပြိုင်တည်း သက်တမ်းကုန်ဆုံးသည်။

(ဃ) အထပ်အပိုဒ် ၃၅ (က)အရ ၃ နှစ် သက်တမ်းပြည့်ပြီးသော်လည်း လက်ရှိဇဟိုအလုပ် အမှုဆောင်များ၊ အလုပ်အမှုဆောင်များ၊ ကော်မတီများ၊ ရေးရာလုပ်ငန်းကော်မတီ များသည် လာမည့်သက်တမ်းအတွက် ရွေးချယ်တင်မြှောက်ခံရသော ဇဟိုအလုပ် အမှုဆောင်များ၊ အလုပ်အမှုဆောင်များအား တာဝန်လွှဲပြောင်းပြီးသည်အထိ ဆက်လက်တာဝန်ယူဆောင်ရွက်ရမည်။

(င) ဂုဏ်ထူးဆောင်ဥက္ကဋ္ဌ၏ သက်တမ်းသည် လက်ရှိဆောင်ရွက်နေသည့် အသင်းဥက္ကဋ္ဌ၏ သက်တမ်းအတိုင်းဖြစ်သည်။

၃၆။ **ဝန်ထမ်းများခန့်ထားခြင်း။** အသင်း၏ရုံးလုပ်ငန်းများကို အကောင်အထည်ဖော်လုပ်ကိုင်ရန် ဝန်ထမ်းများကို အသင်းမှခန့်ထားဆောင်ရွက်ရမည်။

## အခန်း (၆)

## အရည်အချင်း၊ လုပ်ပိုင်ခွင့်နှင့် တာဝန်များ

၃၇။ **ဇဟိုအလုပ်အမှုဆောင်နှင့် အလုပ်အမှုဆောင်များ၏ အရည်အချင်း။** အသင်း၏ ဇဟို အလုပ်အမှုဆောင် နှင့် အလုပ်အမှုဆောင်များ၏ အရည်အချင်းများသည် အောက်ပါအတိုင်း ဖြစ်စေရမည်-

(က) အသင်း၏သင်းဖွဲ့စည်းမျဥ်းပါ စည်းကမ်းသတ်မှတ်ချက်များ လိုက်နာနိုင်သူ ဖြစ်ရမည်။

(ခ) အသင်းနှင့် အသင်းဝင်များ၏အကျိုးစီးပွား နှင့် ဂုဏ်သိက္ခာ မြင့်မားရေးကို ရှေးရှုဆောင်ရွက်နိုင်သူဖြစ်ရမည်။

(ဂ) အသင်းဝင်သက်တမ်း တစ်နှစ်ပြည့်ပြီး နှစ်စဥ်ကြေးမှအစ ပေးရန်တာဝန်များကို အသင်းသို့ ပေးသွင်းပြီးသူ ဖြစ်ရမည်။

(ဃ) စီးပွားရေးကျင့်ဝတ်သိက္ခာ (Business Ethics)၊ သမာဓိနှင့် ပြည့်စုံသူဖြစ်ရမည်။

(င) အသင်း၏ မူဝါဒ၊ ရှေ့လုပ်ငန်းစဥ်နှင့် အကောင်အထည်ဖော်မှုများတွင် တွေးခေါ်၊ ကြံဆ၊ ဆွေးနွေးဦးဆောင်နိုင်သူ၊ တက်ကြွစွာပါဝင်ပူးပေါင်း ဆောင်ရွက်နိုင်သူများဖြစ်ရမည်။

(စ) အသင်း၌ အလုပ်အမှုဆောင်သက်တမ်းတစ်ခု အနည်းဆုံးတစ်ကြိမ် တာဝန်ထမ်းဆောင်သူသည် ဇဟိုအလုပ်အမှုဆောင်အဖြစ် ရွေးချယ်ခံခွင့်ရှိသည်။

(ဆ) ဇဟိုအလုပ်အမှုဆောင်၊ အလုပ်အမှုဆောင်အဖြစ် အရွေးချယ်ခံမည့်ပုဂ္ဂိုလ်သည် အသက် ၂၅ နှစ် နှင့် အထက်ဖြစ်ရမည်။

(ဇ) စီးပွားရေးဆိုင်ရာ မူဝါဒ၊ စက်ဆီ ချောဆီနှင့် ဆက်စပ်ပစ္စည်း စက်မှုဆိုင်ရာမူဝါဒနှင့် စပ်လျဥ်း၍ ဦးဆောင်ဆွေးနွေးအကြံပြု လုပ်ကိုင်ပေးနိုင်သူဖြစ်ရမည်။

၃၈။ **ဗဟိုအလုပ်အမှုဆောင်အဖွဲ့နှင့် အလုပ်အမှုဆောင်အဖွဲ့၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ။** ဗဟို အလုပ်အမှုဆောင်အဖွဲ့နှင့် အလုပ်အမှုဆောင်အဖွဲ့၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များမှာ အောက်ပါ အတိုင်းဖြစ်သည်-

(က) အသင်းမှချမှတ်ထားသော အသင်းဝင်များ၏ ခံစားခွင့်များကို အသင်းဝင်များ ရရှိခံစား နိုင်ရန် အကောင်အထည်ဖော် ဆောင်ရွက်ပေးရမည်။

(ခ) အသင်း၏ ရည်ရွယ်ချက်များ ထမြောက်အောင်မြင်အောင် ဗဟိုအလုပ်အမှုဆောင် အဖွဲ့ သည် ဤသင်းဖွဲ့စည်းမျဥ်းပါ ပြဋ္ဌာန်းချက်များ အကျိုးသက်ရောက်မှုရှိစေရန် တာဝန်ယူ ဆောင်ရွက်ကြရမည်ဖြစ်ပြီး အလုပ်အမှုဆောင်အဖွဲ့ကို တာဝန်ခံရမည်။

(ဂ) ပြည်ထောင်စုအစိုးရ (သို့မဟုတ်) သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနများမှ ချမှတ် ပြဋ္ဌာန်းသော စီးပွားရေးမူဝါဒကို တိကျစွာ လိုက်နာကျင့်သုံးလျက် သက်ဆိုင်ရာဝန်ကြီး ဌာန၏ တည်ဆဲနည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ အမိန့်ညွှန်ကြားစာများနှင့်အညီ လုပ်ငန်းစီမံချက်များ ချမှတ်ဆောင်ရွက်ရမည်။

(ဃ) အသင်း၏ရည်ရွယ်ချက်များကို အခြေခံလျက် သင်းဖွဲ့စည်းမျဥ်းပါ ပြဋ္ဌာန်းချက်များကို လိုက်နာ၍ လုပ်ငန်းများကို ဗဟိုအလုပ်အမှုဆောင်အဖွဲ့နှင့် အလုပ်အမှုဆောင် အဖွဲ့ အသစ်ကို ရွေးနှမ်းများကို ဗဟိုအလုပ်အမှုဆောင် နှင့် အလုပ်အမှုဆောင်များမှ စီစဥ် ဆောင်ရွက်ရမည်။

(င) အသင်း၏ရပိုင်ခွင့်များ၊ ပေးရန်တာဝန်များ၊ အသင်းရန်ပုံငွေ ထည့်ဝင်ခြင်းစသည့် ဘဏ္ဍာရေးကိစ္စအဝဝကို လိုအပ်သလို တာဝန်ခွဲဝေ ကြီးကြပ်ဆောင်ရွက်ရမည်။

(စ) ဗဟိုအလုပ်အမှုဆောင်အဖွဲ့နှင့် အလုပ်အမှုဆောင်အဖွဲ့၏ သက်တမ်းမှာ (၃)နှစ် ဖြစ်၍ ယင်းသက်တမ်းကုန်ဆုံးသည့်အခါ ဗဟိုအလုပ်အမှုဆောင်အဖွဲ့နှင့် အလုပ်အမှုဆောင် အဖွဲ့အသစ်ကို ရွေးချယ်တင်မြောက်ဖွဲ့စည်းပြီး တာဝန်လွှဲပြောင်းပေးပြီးသည်အထိ လုပ်ငန်းတာဝန်များကို ထမ်းဆောင်ရမည်။

(ဆ) ဗဟိုအလုပ်အမှုဆောင်အဖွဲ့နှင့် အလုပ်အမှုဆောင်အဖွဲ့အသစ်များ ဖွဲ့စည်းပြီးနောက် ဗဟိုအလုပ်အမှုဆောင်အဖွဲ့နှင့် အလုပ်အမှုဆောင်အဖွဲ့အသစ်သို့ (၇) ရက်အတွင်း လုပ်ငန်းအဝဝကို စနစ်တကျလွှဲပြောင်းပေးရမည်။

(ဇ) ပြည်နယ်/တိုင်းဒေသကြီးအသင်းအဖွဲ့များ၊ နေပြည်တော်ကောင်စီနှင့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသများတွင် လုပ်ငန်းဆိုင်ရာအသင်းဖွဲ့စည်းနိုင်ရေးနှင့် ဖွဲ့စည်းပုံတာဝန်နှင့် လုပ်ပိုင်ခွင့် များကို လိုအပ်ချက်အရ ဗဟိုအလုပ်အမှုဆောင်အဖွဲ့က ကြီးကြပ်၊ ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ပေးရမည်။

၃၉။ **အသင်း၏ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌများ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ။** စက်ဆီ၊ချောဆီနှင့် ဆက်စပ်ပစ္စည်းလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌများ၏ တာဝန် နှင့် လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) သင်းဖွဲ့စည်းမျဉ်းနှင့်ကိုက်ညီသော မူဝါဒများချမှတ်ခြင်း၊ အကောင်အထည်ဖော်ခြင်း၊ ဆုံးဖြတ်ခြင်းတို့တွင် ဦးဆောင်မှုပေးရန်။

(ခ) ရေးရာကော်မတီများကို ဦးဆောင်ဖွဲ့စည်းပေးရန်။

(ဂ) စီမံခန့်ခွဲရေးကော်မတီအစည်းအဝေးနှင့် ဗဟိုအလုပ်အမှုဆောင်နှင့် အလုပ်အမှုဆောင် အစည်းအဝေးများ၊ ဆွေးနွေးပွဲများ၊ အခမ်းအနားများတွင် သဘာပတိအဖြစ် ဥက္ကဋ္ဌ မအားလပ်သည့်အခါ ဒုတိယဥက္ကဋ္ဌတစ်ဦးဦး (သို့မဟုတ်) ဗဟိုအလုပ်အမှုဆောင် တစ်ဦးဦး တာဝန်ပေးအပ်နိုင်ရန်။

(ဃ) လိုအပ်ချက်အရ အရေးပေါ်အစည်းအဝေးများကို စည်းမျဉ်းစည်းကမ်းနှင့်အညီ ခေါ်ယူပေးရန်။

(င) အသင်းမှ အကောင်အထည်ဖော်ဆောင်ရွက်သည့်လုပ်ငန်းများ အဆင်ပြေချောမွေ့ရေး အတွက် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များနှင့် အလုပ်အမှုဆောင်အဖွဲ့ဝင်များအား လိုအပ်သလို တာဝန်ခွဲဝေပေး၍ ကြီးကြပ်ဆောင်ရွက်ရန်။

(စ) အသင်း၏ ဘဏ္ဍာငွေကြေး ရငွေသုံးငွေစသည့် ကိစ္စအဝဝကို စီမံခန့်ခွဲရေးကော်မတီနှင့် ညှိနှိုင်း၍ ဗဟိုအလုပ်အမှုဆောင်နှင့် အလုပ်အမှုဆောင်အဖွဲ့ဝင်များနှင့် လိုအပ်သလို တာဝန်ခွဲဝေကြီးကြပ်ဆောင်ရွက်ရန်။

(ဆ) ဥက္ကဋ္ဌသည် အသင်း၏နှစ်ပတ်လည် အသင်းသားစုံညီအစည်းအဝေးကို တစ်နှစ်လျှင် တစ်ကြိမ်ကျင်းပ၍ အသင်း၏ ဗဟိုအလုပ်အမှုဆောင်နှင့် အလုပ်အမှုဆောင်ရွေးချယ် တင်မြောက်ခြင်းကို (၃)နှစ်လျှင် တစ်ကြိမ် ကျင်းပပြုလုပ်ပေးရမည်။

(ဇ) ဥက္ကဋ္ဌသည် ရုံးလုပ်ငန်းများ အဆင်ပြေချောမွေ့စေရန် ဝန်ထမ်းများကို စီမံခန့်ခွဲရေး ကော်မတီနှင့် ညှိနှိုင်းခန့်ထားနိုင်သည်။

(ဈ) ဥက္ကဋ္ဌ၏ ငွေကြေးသုံးစွဲခွင့်ပမာဏမှာ တစ်ကြိမ်လျှင် ကျပ် ၅ သိန်း (သို့မဟုတ်) ဗဟိုအလုပ်အမှုဆောင်အဖွဲ့က အခါအားလျော်စွာ သတ်မှတ်သော ငွေပမာဏထက် မပိုသော ငွေကို သုံးစွဲနိုင်ခွင့်ရှိသည်။ သို့ရာတွင် အလုပ်အမှုဆောင်အစည်းအဝေးမတိုင်မီ (၃) ကြိမ်ထက်ပို၍ သုံးစွဲခြင်းမပြုရ၊ ပိုလျှံသုံးစွဲရန်ရှိပါက ကြိုတင်သုံးစွဲခွင့်ပြုထားပြီး အနီးဆုံး စီမံခန့်ခွဲရေးကော်မတီအစည်းအဝေးသို့ တင်ပြအတည်ပြုချက်ရယူရပါမည်။

(ည) ဥက္ကဋ္ဌ၏ ဘဏ္ဍာငွေသုံးစွဲခွင့်ပမာဏကို ဗဟိုအလုပ်အမှုဆောင်အဖွဲ့က အခါအားလျော်စွာ ပြင်ဆင်သတ်မှတ်နိုင်သည်။

(ဋ) ဘဏ္ဍာရေးကော်မတီမှ နှစ်စဉ်သာမန်ကုန်ကျစရိတ်များကို အထူးဆောင်ရွက်ရန် ကုန်ကျမည့် ရသုံးငွေစာရင်းများကို အခါအားလျော်စွာ ရေးဆွဲတင်ပြခဲ့လျှင် စီမံခန့်ခွဲရေး ကော်မတီနှင့် ညှိနှိုင်း၍ ဘဏ္ဍာငွေသုံးစွဲခွင့် လျာထားချက်ကို ချမှတ်ပေးရမည်။

(ဌ) ဗဟိုအလုပ်အမှုဆောင်၊ အလုပ်အမှုဆောင်များ အကြောင်းအမျိုးမျိုးကြောင့် နုတ်ထွက်ခွင့်များ တင်ပြခဲ့လျှင် အလုပ်အမှုဆောင်အစည်းအဝေးသို့ တင်ပြပြီး နုတ်ထွက်လွှာတင်ပြချက်ကို အတည်ပြုနုတ်ထွက်ခွင့်ပေးရမည်။

(ဍ) ဒုတိယဥက္ကဋ္ဌသည် ဥက္ကဋ္ဌ၏တာဝန်များကို ခွဲဝေ၍ တာဝန်ယူဆောင်ရွက်ရမည်ဖြစ်ပြီး ဥက္ကဋ္ဌမရှိလျှင် ဝါစဉ်အရသတ်မှတ်ထားသော ဒုတိယဥက္ကဋ္ဌတစ်ဦးက ဥက္ကဋ္ဌတာဝန် ထမ်းဆောင်ရမည်။ ၎င်းအပြင် အသင်းသားစုံညီအစည်းအဝေး ကျင်းပရေးကော်မတီတွင် ဦးဆောင်၍ တာဝန်များကို ကျေပွန်စွာ ထမ်းဆောင်ရမည်။

(ဎ) ဒုတိယဥက္ကဋ္ဌများ၏ ငွေကြေးသုံးစွဲနိုင်ခွင့် ပမာဏကို တစ်ကြိမ်လျှင် (၃) သိန်း (သို့မဟုတ်) ဗဟိုအလုပ်အမှုဆောင်အဖွဲ့က အခါအားလျော်စွာ သတ်မှတ်ငွေကြေးပမာဏထက် မပိုသောငွေကို သုံးစွဲနိုင်ခွင့်ရှိသည်။ ပို၍သုံးစွဲရန် ရှိပါက ကြိုတင်သုံးစွဲခွင့်ပြုထားပြီး အနီးဆုံးစီမံခန့်ခွဲရေးကော်မတီအစည်းအဝေးသို့ တင်ပြအတည်ပြုချက်ရယူရမည်။

၄၀။ **အထွေထွေအတွင်းရေးမှူးနှင့် တွဲဖက်အထွေထွေအတွင်းရေးမှူးများ၏ လုပ်ပိုင်ခွင့်နှင့်တာဝန်များ**

စက်ဆီ၊ ချောဆီနှင့် ဆက်စပ်ပစ္စည်းလုပ်ငန်းရှင်များအသင်း၏ အထွေထွေအတွင်းရေးမှူးနှင့် တွဲဖက်အထွေထွေအတွင်းရေးမှူးများ၏ လုပ်ပိုင်ခွင့်နှင့် တာဝန်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌများ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များကို ဥက္ကဋ္ဌနှင့် ဒုတိယ ဥက္ကဋ္ဌများ မရှိသည့်အခါ တာဝန်ခံရမည်။

(ခ) ဗဟိုအလုပ်အမှုဆောင်အဖွဲ့နှင့် အလုပ်အမှုဆောင်အဖွဲ့အစည်းအဝေးများ၌ လည်းကောင်း၊ အသင်းသားစုံညီအစည်းအဝေး ကျင်းပရေးအစည်းအဝေးများ၌ လည်းကောင်း အတွင်းရေးမှူးတာဝန်များထမ်းဆောင်ခြင်းနှင့် ဆောင်ရွက်ချက်များကို အစီရင်ခံစာ ပြုစု၍ တင်ပြရမည်။

(ဂ) အစည်းအဝေးများခေါ်ယူခြင်း၊ မှတ်တမ်းများပြုစုထားရှိခြင်း၊ ထုတ်ပြန်ခြင်း၊ ဆုံးဖြတ်ချက်များကို အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊ ရုံးလုပ်ငန်း နှင့် ဝန်ထမ်း များအား ကြီးကြပ်ကွပ်ကဲခြင်းများကို အရေးယူဆောင်ရွက်ရမည်။

(ဃ) အသင်းဝင်များကို စည်းရုံးခြင်း၊ အဆိုပြုလွှာများလက်ခံခြင်း၊ စိစစ်ခြင်းများ ပြုလုပ်ရမည်။

(င) ပြည်ထောင်စုအစိုးရ၊ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနများမှ အမိန့်ညွှန်ကြားချက်များကို ဗဟိုအလုပ်အမှုဆောင်အစည်းအဝေးသို့ တင်ပြခြင်း၊ ပြန်လည်အစီရင်ခံခြင်းနှင့် ပြည်နယ်၊တိုင်းဒေသများရှိ အသင်းများထံ အသိပေးလမ်းညွှန်ကြီးကြပ်ခြင်းများ ဆောင်ရွက် ရမည်။

(စ) တွဲဖက်အထွေထွေအတွင်းရေးမှူးများသည် အထွေထွေအတွင်းရေးမှူးအား တာဝန်ခံ ရမည်ဖြစ်ပြီး ၎င်း၏တာဝန်ဝတ္တရားများကို ခွဲဝေဆောင်ရွက်ရမည်။

(ဆ) စာရင်းအင်းများထိန်းသိမ်းရာ၌လည်းကောင်း၊ အသင်းငွေများကောက်ခံထိန်းသိမ်းထုတ်ပေးရာ၌လည်းကောင်း အထွေထွေအတွင်းရေးမှူးနှင့် တွဲဖက် အထွေထွေအတွင်းရေးမှူး လက်မှတ်ရေးထိုးနိုင်ခွင့် အာဏာရှိရမည်။

(ဇ) အထွေထွေအတွင်းရေးမှူးသည် တစ်ကြိမ်လျှင် ၃ သိန်းနှင့် တွဲဖက်အထွေထွေအတွင်းရေးမှူးများသည် တစ်ကြိမ်လျှင် ၂ သိန်းအထိ ငွေကြေးသုံးစွဲပိုင်ခွင့်ရှိပြီး ဗဟိုအလုပ်အမှုဆောင်အဖွဲ့က အခါအားလျော်စွာ သတ်မှတ်ငွေပမာဏထက်မပိုသော ငွေသုံးစွဲခွင့်ရှိသည်။

၄၁။ **ဘဏ္ဍာရေးမှူးနှင့် တွဲဖက်ဘဏ္ဍာရေးမှူးတာဝန်ဝတ္တရားများ။** စက်ဆီ၊ချောဆီနှင့် ဆက်စပ်ပစ္စည်းလုပ်ငန်းရှင်များအသင်း၏ ဘဏ္ဍာရေးမှူး၏ တာဝန်ဝတ္တရားများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) ဘဏ္ဍာရေးမှူးသည် ဘဏ္ဍာရေးရာကော်မတီတွင် ဥက္ကဋ္ဌအဖြစ်တာဝန်ယူ၍ အခြားရေးရာ ကော်မတီတို့တွင်လည်း လိုအပ်သလို ပါဝင်နိုင်ခွင့်ရှိသည်။

(ခ) အသင်းဝင်ကြေး၊ နှစ်စဉ်ကြေး၊ အလှူငွေနှင့် အခြားဝင်ငွေတို့ကို ကောက်ခံရာ၌ လုပ်ငန်းစဉ်များချမှတ်၍ စီမံဆောင်ရွက်ရမည့်အပြင် နှစ်စဉ်သုံးစွဲရန် လျာထားသတ်မှတ်ထားသည့် ငွေစာရင်းခေါင်းစဉ်အတိုင်း လျော်ညီအောင်သုံးစွဲရန် တာဝန်ခံရမည်။ ငွေစာရင်းခေါင်းစဉ်တစ်ခုတွင် လျာထားချက်ထက်မလုံလောက်ခဲ့လျှင် စီမံခန့်ခွဲရေး ကော်မတီသို့ တင်ပြတောင်းခံရမည်။

(ဂ) ရသုံးငွေစာရင်း၊ အသေးစိတ်တွက်ချက်ထားသည့် ငွေစာရင်းရှင်းတမ်းတို့ကို သဘောတူညီချက်ရရှိရန် ဗဟိုအလုပ်အမှုဆောင်အဖွဲ့သို့ တင်ပြရမည့်အပြင် အသင်းသားစုံညီအစည်းအဝေးတွင် ဘဏ္ဍာရေးရှင်းတမ်းကို ဖတ်ကြား၍ အတည်ပြုချက်ရယူရမည်။

(ဃ) ငွေကြေးသုံးစွဲနိုင်ခွင့်ရှိသော ပုဂ္ဂိုလ်၏ ခွင့်ပြုချက်အရ တောင်းခံလာသော ငွေတောင်းခံလွှာ များကို စစ်ဆေး၍ အသင်း၏ငွေစာရင်းဌာနအား စနစ်တကျထုတ်ပေးခြင်းနှင့် ရငွေများ ကို စနစ်တကျ လက်ခံပေးသွင်းရမည့်အပြင် ရံပုံငွေများ စနစ်တကျထိန်းသိမ်းထားရှိရန် ကြီးကြပ်လမ်းညွှန်ဆောင်ရွက်ရမည်။

(င) ဘဏ္ဍာရေးမှူး၏ လမ်းညွှန်မှုဖြင့် ငွေစာရင်းဌာနလက်ဝယ်တွင် ထားရှိခွင့်ပြုသော ငွေလက်ကျန်ပမာဏကို ဗဟိုအလုပ်အမှုဆောင်အဖွဲ့က အခါအားလျော်စွာ ပြင်ဆင် သတ်မှတ်နိုင်သည်။

(စ) အသင်းမှ ရရန်ကျန်ရှိသော ငွေများနှင့်ပတ်သက်၍ သက်ဆိုင်သူများထံသို့ သတိပေးစာများ ကြိုတင်ပေးပို့ရမည့်အပြင် အခြေအနေကို ဗဟိုအလုပ်အမှုဆောင်အဖွဲ့ အစည်းအဝေးများ၌ အခါအားလျော်စွာ တင်ပြရမည်။

(ဆ) မိမိတာဝန်ကို တရားဝင်လွှဲပြောင်းလက်ခံမည့်သူအား ရသုံးငွေအားလုံးတို့ကို ရှင်းလင်းပြသရမည့်အပြင် စာရင်းဇယားများနှင့်တကွ လွှဲအပ်ရမည်။

၄၂။ **အကျိုးဆောင်စာရင်းစစ်နှင့် တွဲဖက်အကျိုးဆောင်စာရင်းစစ်တို့၏ လုပ်ငန်းတာဝန်များ။** စက်ဆီ၊ ချောဆီနှင့် ဆက်စပ်ပစ္စည်းလုပ်ငန်းရှင်များအသင်း၏ အကျိုးဆောင်စာရင်းစစ် နှင့် တွဲဖက်အကျိုးဆောင် စာရင်းစစ်တို့သည် အောက်ပါလုပ်ငန်းတာဝန်များကို ဆောင်ရွက်ရမည်-

(က) အသင်း၏ရသုံးငွေစာရင်းများကို ပုံမှန်အားဖြင့် ၁ လတစ်ကြိမ် စစ်ဆေးရမည်။

(ခ) စာရင်းမှားယွင်းမှုရှိကြောင်း စစ်ဆေးတွေ့ရှိပါက ဥက္ကဋ္ဌ၊ အထွေထွေအတွင်းရေးမှူး၊ ဘဏ္ဍာရေးမှူးနှင့် စီမံခန့်ခွဲရေးကော်မတီတို့ထံ အချိန်မီအကြောင်းကြားရမည်။

(ဂ) အသင်းရန်ပုံငွေနှင့် အသင်းပိုင်ပစ္စည်းများကို မည်သူမဆို အလွဲသုံးစားပြုခဲ့လျှင် အကျိုးဆောင်စာရင်းစစ်ဥက္ကဋ္ဌအဖြစ် ပါဝင်သောစာရင်းစစ်အဖွဲ့မှ တာဝန်ယူ၍ သတ်မှတ် စည်းမျဉ်းစည်းကမ်းနှင့်အညီ အရေးယူဆောင်ရွက်ရမည်။

(ဃ) ပြင်ပစာရင်းစစ်ကို တရားဝင်ငှားရမ်း၍ အသင်း၏ရသုံးငွေစာရင်းများကို စစ်ဆေးခြင်း၊ ရသုံးငွေစာရင်းရှင်းတမ်းနှင့် လက်ကျန်ငွေစာရင်းရှင်းတမ်းများကို အသင်းသားစုံညီ အစည်းအဝေးသို့ တင်ပြခြင်းတို့ကို ဗဟိုအလုပ်အမှုဆောင်အဖွဲ့နှင့် အလုပ်အမှုဆောင်အဖွဲ့၏ သဘောတူညီမှုဖြင့် စီစဉ်ဆောင်ရွက်ရမည်။

## အခန်း (၇)
## အမှုဆောင်များရွေးချယ်တင်မြှောက်ပုံနည်းစနစ်များ

၄၃။ **အခြေခံမူ။** စက်ဆီ၊ ချောဆီနှင့် ဆက်စပ်ပစ္စည်းလုပ်ငန်းရှင်များ ရွေးချယ်တင်မြှောက်ပုံနည်း စနစ်၏ အခြေခံရည်ရွယ်ချက်မှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) စက်ဆီ၊ ချောဆီနှင့် ဆက်စပ်ပစ္စည်းလုပ်ငန်းကဏ္ဍများကို စစ်မှန်စွာ ကိုယ်စားပြုမည့် အသင်း၏ အကျိုးစီးပွားဖော်ဆောင်နိုင်မည့် အမှုဆောင်များရရှိအောင် ရွေးချယ်တင်မြှောက်ရန်။

(ခ) ရွေးချယ်တင်မြှောက်ရာတွင် စက်ဆီ၊ ချောဆီဆက်စပ်ပစ္စည်းလုပ်ငန်းရှင်များအသင်း အနေနှင့် စက်ဆီ၊ ချောဆီကဏ္ဍတွင် ပါဝင်သူများအနေဖြင့် တရားမျှတ၍ ပွင့်လင်း မြင်သာစွာနှင့် စည်းလုံးညီညွတ်စွာဖြင့် စိတ်အားထက်သန်စွာ စနစ်တကျ ပါဝင် ဆောင်ရွက်ကြစေရန်။

(ဂ) ရွေးချယ်တင်မြှောက်ရာတွင် အသင်း၏သင်းဖွဲ့စည်းမျဉ်းတွင် ဖော်ပြပါရှိသည့် စည်းမျဉ်း စည်းကမ်းများနှင့်အညီ ဆောင်ရွက်ရန်နှင့် မပါရှိသောကိစ္စရပ်များအတွက် ကော်မရှင်နှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ ညှိနှိုင်းဆောင်ရွက်ရန်။

(ဃ) ရွေးချယ်တင်မြှောက်ပွဲကြီးကြပ်ရေးကော်မရှင်သည် လွတ်လပ်၍ တရားမျှတသော ရွေးချယ်တင်မြှောက်ခြင်း အထမြောက်စေရန် သီးခြားလွတ်လပ်စွာ ဆောင်ရွက်ရန်။

(စ) ရွေးချယ်တင်မြှောက်ပွဲကြီးကြပ်ရေးကော်မရှင်သည် ရွေးချယ်တင်မြှောက်ပွဲကျင်းပမည့် **စီမံချက်** ကို ပြုစု၍ ဆောင်ရွက်ရန်။

(ဆ) ရွေးချယ်တင်မြှောက်ပွဲကို အသင်းသားစုံညီအစည်းအဝေးကျင်းပသည့် ရက်နေ့တွင် သော်လည်းကောင်း၊ ကြိုတင်၍ ရက်သတ်မှတ်၍သော်လည်းကောင်း ကျင်းပပြုလုပ်ရန်။

(ဇ) ရွေးချယ်တင်မြှောက်ပွဲကြီးကြပ်ရေးကော်မရှင်အား လုပ်ငန်းများဆောင်ရွက်ရာတွင် အထောက်အကူပြုအဖွဲ့ကို လွတ်လပ်စွာဖွဲ့စည်းပေးရန်။

၄၄။ **ရွေးချယ်တင်မြှောက်ရေးကြီးကြပ်မှုကော်မရှင်၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ။** အသင်းဗဟို အလုပ်အမှုဆောင်အဖွဲ့ဝင်များနှင့် အလုပ်အမှုဆောင်များ ရွေးချယ်တင်မြှောက်ရေး ကြီးကြပ်မှု ကော်မရှင်၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) လွတ်လပ်၍ တရားမျှတသော ရွေးချယ်တင်မြှောက်ခြင်းဖြစ်စေရန် ရှေးရှုပြီးလျှင် အသင်း၏ သင်းဖွဲ့စည်းမျဉ်းများနှင့် အသင်း၏ဗဟိုအလုပ်အမှုဆောင်အဖွဲ့၏ ဆုံးဖြတ်ချက်များအပေါ် အခြေပြု၍ ကြီးကြပ်ဆောင်ရွက်ရမည်။

(ခ) ရွေးချယ်တင်မြှောက်ရေး ကြီးကြပ်မှုကော်မရှင်သည် အသင်း၏ ဗဟိုအလုပ်အမှုဆောင် အဖွဲ့က ပြုစုပေးပို့သော အလုပ်အမှုဆောင်အဖြစ် ရွေးချယ်ခံရမည့်ပုဂ္ဂိုလ်များ၏ စာရင်း ကို ရယူစိစစ်၍ ထုတ်ပြန်ကြေညာရမည်။

(ဂ) ရွေးချယ်တင်မြှောက်ပွဲ ကျင်းပရန်ရက်နှင့် ပတ်သက်၍ ကော်မရှင်သည် အသင်းဗဟို အလုပ်အမှုဆောင်အဖွဲ့နှင့် ညှိနှိုင်းပြီးလျှင် သင့်လျော်မည့်ရက်ကို သတ်မှတ်ဆောင်ရွက် နိုင်သည်။

(ဃ) ရွေးချယ်တင်မြှောက်ခြင်းအတွက် လိုအပ်သော ရုံးကိစ္စအဝဝနှင့် အသုံးစရိတ်တို့ကို အသင်း က ပံ့ပိုးဆောင်ရွက်ပေးရမည်။

(င) ရွေးချယ်တင်မြှောက်ပွဲအဆင့်ဆင့်ကို စနစ်တကျကျင်းပပြီးနောက် ရွေးချယ် တင်မြှောက် ခြင်းအစီရင်ခံစာကို ရွေးချယ်ခံရသော်ပုဂ္ဂိုလ်များ၏ အမည်စာရင်းနှင့်အတူ အသင်းဗဟို အလုပ်အမှုဆောင်အဖွဲ့သို့ တင်ပြရမည်။

(စ) ရွေးချယ်တင်မြှောက်ခြင်းနှင့်ပတ်သက်၍ ဤသင်းဖွဲ့စည်းမျဉ်းတွင် ဖော်ပြထားခြင်းမရှိ သော ကိစ္စရပ်များအတွက် ကော်မရှင်သည် အသင်းဗဟိုအလုပ်အမှုဆောင်အဖွဲ့နှင့် ညှိနှိုင်းဆုံးဖြတ်၍ ဆောင်ရွက်နိုင်သည်။

၄၅။ **ရွေးချယ်တင်မြှောက်ရန်နည်းလမ်း။** အသင်း၏ အလုပ်အမှုဆောင်အဖွဲ့ဝင်နှင့် ဗဟိုအလုပ် အမှုဆောင်အဖွဲ့ဝင်များကို ရွေးချယ်တင်မြှောက်ရာတွင် အောက်ပါနည်းလမ်းအတိုင်း ဆောင်ရွက်ရမည်-

(က) အသင်းအလုပ်အမှုဆောင်အဖွဲ့တွင် ပါဝင်ဆောင်ရွက်နိုင်ရေးအတွက် သတ်မှတ်ထားသော အရည်အချင်းပြည့်မီသော ပုဂ္ဂိုလ်များအနေဖြင့် ကိုယ်တိုင်အဆိုပြုလွှာများ တင်သွင်းနိုင်စေရန် သင့်လျော်သောနည်းလမ်းဖြင့် အသိပေးကြေညာရမည်။

(ခ) အသင်း၏ လက်ရှိဗဟိုအလုပ်အမှုဆောင်များနှင့် အလုပ်အမှုဆောင်များသည်လည်း ကိုယ်တိုင်ဆန္ဒပြုလွှာတင်သွင်းနိုင်သည်။

(ဂ) ဗဟိုအလုပ်အမှုဆောင်အဖွဲ့သည် အလုပ်အမှုဆောင်အဖွဲ့တွင် ပါဝင်ဆောင်ရွက်ရန် ကိုယ်တိုင်ဆန္ဒပြုသူများ၊ အသင်းအဖွဲ့နှင့် ညီနောင်အသင်းမှ ကိုယ်စားလှယ်များ၏ အမည်စာရင်းများကို စိစစ်ပြီးလျှင် သက်ဆိုင်ရာအရည်အချင်းကိုက်ညီသော ပုဂ္ဂိုလ်များ ၏ အမည်စာရင်းကို ရွေးချယ်တင်မြောက်ရေးကြီးကြပ်ရေးကော်မရှင်ထံ ပေးပို့ရမည်။

(ဃ) ရွေးချယ်တင်မြောက်ပွဲကြီးကြပ်ရေးကော်မရှင်သည် အထက်အပိုဒ် ၄၅ (ခ)နှင့်(ဂ)ပါ ပုဂ္ဂိုလ်များကို ဖိတ်ကြား၍ သတ်မှတ်ထားသော အလုပ်အမှုဆောင်အဖွဲ့ဝင်ဦးရေ ရရှိစေရန်အတွက် အလုပ်အမှုဆောင်အဖြစ် ရွေးချယ်ခံရန် အဆိုပြုထားသော ပုဂ္ဂိုလ်များအပေါ် အသင်းသားများ၏ ဆန္ဒသဘောထားထောက်ခံမှုဖြင့် ၎င်းသဘောတူလျှို့ဝှက် မဲဆန္ဒပေးသည့်စနစ်ကို ကျင့်သုံးဆောင်ရွက်ရမည်။

(င) ရွေးချယ်ခံရန်ဆန္ဒပြုထားသော ပုဂ္ဂိုလ်သည် မလွှဲမရှောင်သာသောကိစ္စကြောင့် မဲဆန္ဒပေးရမည့် နေ့ရက်တွင် ကိုယ်တိုင်တက်ရောက်ခြင်းမပြုနိုင်ပါက မိမိကိုယ်စား မဲဆန္ဒပေးရန်အတွက် အခြားမဲဆန္ဒပေးခွင့်ရှိသူတစ်ဦးဦးအား ကိုယ်စားလှယ်အဖြစ် စာဖြင့်လွှဲအပ်နိုင်သည်။ မိမိကိုယ်တိုင်လည်း ရာထူးတာဝန်အဆင့်ဆင့်တွင် အရွေးချယ် ခံမည်ဖြစ်ကြောင်းနှင့် ကိုယ်တိုင်မတက်ရောက်နိုင်ကြောင်းခွင့်ပန်စာကို စာဖြင့် တရားဝင် ဆန္ဒပြုနိုင်သည်။

(စ) ကိုယ်စားလှယ်တစ်ဦးသည် ရွေးချယ်ခံရန်ဆန္ဒပြုသူ ၂ ဦး ကိုယ်စား မဲဆန္ဒပေးရန်အတွက်သာ ကိုယ်စားလှယ်အဖြစ် လက်ခံဆောင်ရွက်ခွင့်ရှိသည်။

(ဆ) ရွေးချယ်တင်မြောက်ပွဲအဆင့်တိုင်းတွင် ကိုယ်တိုင်ဆန္ဒပြုသူဦးရေသည် သတ်မှတ်ထားသော ဦးရေထက်ကျော်လွန်နေပါက အများသဘောတူ လျှို့ဝှက်မဲဆန္ဒပေး၍ ရွေးချယ်သည့်စနစ်ကို ကျင့်သုံးဆောင်ရွက်ရမည်။

၄၆။ **အလုပ်အမှုဆောင်အဖွဲ့ဝင်များကို ရွေးချယ်တင်မြောက်ခြင်း။** ရွေးချယ်တင်မြောက်ရေးကြီးကြပ်မှုကော်မရှင်သည် အသင်း၏အလုပ်အမှုဆောင်အတွက် သတ်မှတ်ထားသောအဖွဲ့ဝင်ဦးရေ ရရှိစေရန် အောက်ပါနည်းလမ်းဖြင့် ရွေးချယ်ဆောင်ရွက်ရမည်-

(က) အခန်း ၆ အပိုဒ် (၃၈) ပါ အရည်အချင်းများနှင့် ညီညွတ်သော အသင်းသားများသည် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်နှင့် အလုပ်အမှုဆောင်အဖွဲ့ဝင် အသစ်ရွေးချယ်ရာတွင် ပါဝင်ရွေးချယ်ခံရန် ဆန္ဒပြုနိုင်သည်။

(ခ) ပုဒ်မ ၂၇ (ဂ)(၁) အရ အလိုအလျောက်အလုပ်အမှုဆောင်အဖြစ် သတ်မှတ်ခြင်းခံရသော ကိုယ်စားလှယ်များသည် ဆန္ဒမဲပေး၍ ရွေးချယ်ရန်မလိုတော့ဘဲ အလိုအလျောက်အလုပ်အမှုဆောင်အဖွဲ့ဝင်အဖြစ် သတ်မှတ်ခြင်းခံရမည်ဖြစ်သည့်အပြင် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် ရွေးချယ်တင်မြှောက်ပွဲတွင် ပါဝင်၍ မဲဆန္ဒပေးနိုင်သည်။

(ဂ) အထက်အပိုဒ် ၄၆ (ခ) ကိုယ်စားလှယ်ဦးရေနှင့် ယင်းဦးရေနှင့် နှုတ်ပြီး ကျန်ရှိသော အလုပ်အမှုဆောင်ဦးရေ နှစ်ရပ်ပေါင်းသည် ရွေးချယ်ရမည့်သက်တမ်းအတွက် အလုပ်အမှုဆောင်အဖြစ် ရွေးချယ်တင်မြှောက်ရန် လိုအပ်မည့်ဦးရေဖြစ်သည်။ အလိုအလျောက်အမှုဆောင်ဦးရေ ရွေးချယ်ရန်မရှိသေးပါက အလုပ်အမှုဆောင် အရေအတွက်အတိုင်း ရွေးချယ်ရမည်။

(ဃ) အထက်အပိုဒ် ၄၆ (ဂ)ပါ အလုပ်အမှုဆောင်အဖွဲ့ဝင် စုစုပေါင်းဦးရေကို ရရှိရန်အတွက် အလုပ်အမှုဆောင်အဖွဲ့ဝင်အဖြစ် ရွေးချယ်ခံရန် ဆန္ဒပြုထားသော ပုဂ္ဂိုလ်များအပေါ် အသင်းသားများ၏ လျှို့ဝှက်မဲဆန္ဒပေးစနစ်ဖြင့် ရွေးချယ်ရမည်။

(င) အထက်ပါနည်းလမ်းအတိုင်း အသင်းသားများ၏ များရာဆန္ဒဖြင့် ရွေးချယ်ခံရသော အလုပ်အမှုဆောင်များနှင့် အထက်အပိုဒ် ၄၆(ခ)ပါ အလုပ်အမှုဆောင်အဖြစ် အလိုအလျောက် သတ်မှတ်ခံရသော ပုဂ္ဂိုလ်များ၏အမည်စာရင်းကို ပြုစု၍ ထုတ်ပြန် ကြေညာရမည်။

(စ) ယင်းပုဂ္ဂိုလ်များအနက်မှ သတ်မှတ်သည့် အရည်အချင်းပြည့်မီသော ပုဂ္ဂိုလ်များအား ဗဟိုအလုပ်အမှုဆောင်အဖွဲ့အတွက် လိုအပ်သောဦးရေရရှိရန် ဆက်လက်ရွေးချယ်တင်မြှောက်ပြီး ကျန်ဦးရေသည် အသင်း၏ အလုပ်အမှုဆောင်အဖြစ် ဆောင်ရွက်ရန်ဖြစ်သည်။

၄၇။ **ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များကို ရွေးချယ်တင်မြှောက်ခြင်း။** ရွေးချယ်တင်မြှောက်ရေးကြီးကြပ်မှုကော်မရှင်သည် အသင်း၏ ဗဟိုအလုပ်အမှုဆောင်အဖွဲ့အတွက် သတ်မှတ်ထားသော အဖွဲ့ဝင်ဦးရေရရှိရန် အောက်ပါနည်းလမ်းများဖြင့် ရွေးချယ်ဆောင်ရွက်ရမည်-

(က) ရှေးဦးစွာ အထက်အပိုဒ် ၄၆(င)အရ ကြေညာခဲ့သော အလုပ်အမှုဆောင်အဖွဲ့ဝင်ဦးရေမှ ၃၅ ဦးကို အလုပ်အမှုဆောင်အဖွဲ့ဝင်ဦးရေအဖြစ် သတ်မှတ်ရန်ဖြစ်ပြီး ယင်းမှ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်ဦးရေ ၂၁ ဦးကို ရရှိစေရန်အတွက် ဆက်လက် ရွေးချယ်တင်မြှောက်ရမည်။

(ခ) ယင်းသို့ရွေးချယ်တင်မြှောက်ရန် အထက်အပိုဒ် ၄၆(င) ပါ ပုဂ္ဂိုလ်များအနက် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်အဖြစ် ဆောင်ရွက်ရန်သတ်မှတ်ထားသော အရည်အချင်းပြည့်မီသည့် ပုဂ္ဂိုလ်များ၏အမည်စာရင်းကို ဦးစွာစိစစ်ပြုစုရမည်။

(ဂ) အထက်အပိုဒ် ၄၇ (ခ)ပါပုဂ္ဂိုလ်များအနက် အရည်အချင်းပြည့်မီပြီး ကိုယ်တိုင်ဆန္ဒပြုသူများထဲမှ အပိုဒ် ၄၇ (က) ပါ ဗဟိုအလုပ် အမှုဆောင်အဖွဲ့ဝင်ဦးရေကို ရရှိစေရန် အတွက်

ရွေးချယ်ကြေညာထားပြီးသော အလုပ်အမှုဆောင်အဖွဲ့ဝင်များက လျှို့ဝှက်မဲဆန္ဒ များရာစနစ်ဖြင့် ရွေးချယ်ရမည်။

(ဃ) အထက်အပိုဒ် ၄၇ (ဂ)အရ ရွေးချယ်ခံရသော ပိုဂ္ဂိုလ်များ၏အမည်စာရင်းကို လာမည့် သက်တမ်းအတွက် ရွေးချယ်ခံရသော ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များ အဖြစ် ထုတ်ပြန် ကြေညာရမည်။

(င) ထို့နောက် အသင်းဗဟိုအလုပ်အမှုဆောင်အဖွဲ့၏ စီမံခန့်ခွဲမှု တာဝန်များ ဖြစ်ကြသော ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌများ၊ အထွေထွေအတွင်းရေးမှူး၊ တွဲဖက်အထွေထွေအတွင်းရေးမှူးများ၊ ဘဏ္ဍာရေးမှူး၊ စာရင်းစစ်တို့ကို သတ်မှတ်ထားသော ဦးရေရရှိစေရန်အတွက် စီမံခန့်ခွဲမှု တာဝန်တစ်ခုချင်းအလိုက် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များ၏ လျှို့ဝှက်မဲဆန္ဒ များရာစနစ်ဖြင့် အဆင့်ဆင့်ဆက်လက်ရွေးချယ်တင်မြှောက်ရမည်။

(စ) ယင်းသို့ရွေးချယ်တင်မြှောက်ရာတွင် ဥက္ကဋ္ဌရာထူးမှစ၍ ရာထူးတစ်ခုချင်းအလိုက် ရွေးချယ်ခံရန် သတ်မှတ်အရည်အချင်းပြည့်မီ၍ ကိုယ်တိုင်ဆန္ဒပြုသော ပုဂ္ဂိုလ်များအနက်မှ ဖွဲ့စည်းပုံအရ သတ်မှတ်သောဦးရေရရှိစေရန်အတွက် အထက်အပိုဒ် ၄၇ (ဃ) ပါ ဗဟိုအလုပ် အမှုဆောင်အဖွဲ့ဝင်များက လျှို့ဝှက်ဆန္ဒမဲများရာစနစ်ဖြင့် ရွေးချယ်တင်မြှောက်ရမည်။

(ဆ) တစ်ဦးထက်ပို၍ ရွေးချယ်ခံရန် လိုအပ်သော ရာထူးတာဝန်တစ်မျိုးစီ (ဥပမာ- ဒုတိယဥက္ကဋ္ဌများ၊ တွဲဖက်အထွေထွေအတွင်းရေးမှူးများ၊ ဘဏ္ဍာရေးမှူးနှင့် စာရင်းစစ်) တို့အတွက် ရာထူးတစ်မျိုးလျှင် တစ်ကြိမ်တည်းဖြင့် ရွေးချယ်ပွဲကို ကျင်းပပြီးလျှင် ဆန္ဒမဲ များရာမှ နည်းရာသို့ တန်းစီ၍ ဆန္ဒမဲများရာပုဂ္ဂိုလ်များအား အစဉ်အလိုက် ရွေးချယ်တင်မြှောက် ရမည်။

(ဇ) အထက် အပိုဒ် ၄၇ (င)၊ (စ) နှင့် (ဆ)အရ ရွေးချယ်ခံရသော ဗဟိုအလုပ်အမှုဆောင် အဖွဲ့၏ စီမံခန့်ခွဲရေးတာဝန်များကို ထမ်းဆောင်မည့်ပုဂ္ဂိုလ်များ၏ အမည်စာရင်းကို ကြေညာရမည်။

၄၈။ **ရွေးချယ်တင်မြှောက်ခြင်း။** အသင်းဝင်အချင်းချင်း စိတ်ဝမ်းကွဲပြားမှု မရှိစေခြင်းငှာ ဗဟိုအလုပ်အမှုဆောင်နှင့်အလုပ်အမှုဆောင်များအား ဆန္ဒပြုရွေးချယ်ရာတွင် သတ်မှတ်ထားသော အရည်အချင်းပြည့်မီသောအသင်းသားများထဲမှ အဆိုပြုလွှာတင်သွင်းထားသော ပုဂ္ဂိုလ်များထဲမှ အဆိုတင်သွင်းခြင်း၊ ထောက်ခံခြင်းဖြင့် လိုအပ်သည့်အရေအတွက်ကို ရွေးချယ်ရမည်။ အများလက်ခံသော ပွင့်လင်းမြင်သာ သော လျှို့ဝှက်ဆန္ဒမဲပေးခြင်းစနစ်နှင့် မဲရေတွက်စနစ် ကျင့်သုံးရမည်။ ဆန္ဒမဲပေးနိုင်ခွင့်ရှိသူတိုင်း ဆန္ဒမဲ တစ်မဲသာ ပေးပိုင်ခွင့်ရှိသည်။

၄၉။ **ရွေးချယ်တင်မြှောက်ခံရခြင်း။** ရွေးချယ်တင်မြှောက်ပွဲများတွင် အရွေးချယ်ခံပုဂ္ဂိုလ်များသည် အမှုဆောင်အဖြစ် ရွေးချယ်ရန် ပါဝင်ဆန္ဒပြုသူအားလုံး၏ ဆန္ဒမဲအရေအတွက် အနည်းအများအလိုက် သတ်မှတ်ချက်ဦးရေသာလျှင် ရွေးချယ်တင်မြှောက်ခြင်းခံရသည်ဟု အသိအမှတ်ပြုရမည်။

၅၀။ **ရွေးချယ်ခံရသော ကိုယ်စားလှယ်အမည်စာရင်းတင်ပြခြင်း။** ဗဟိုအလုပ်အမှုဆောင်နှင့် အလုပ်အမှုဆောင်ရွေးချယ်ကြီးကြပ်ရေးကော်မရှင်သည် အခန်း ၇ အပိုဒ် (၄၉) တွင် ပြဋ္ဌာန်းထားရှိသည့် အတိုင်း ရွေးချယ်ရရှိသော ကိုယ်စားလှယ်များ၏အမည်စာရင်းကို အချိန်နှင့်တပြေးညီ သတ်မှတ်ထား သည့် ရက်အတွင်း အပြီးဆောင်ရွက်၍ တင်ပြအစီရင်ခံရမည်။

၅၁။ **ရွေးချယ်တင်မြှောက်ပွဲ ကြီးကြပ်ရေးကော်မရှင် ကြိုတင်ဖွဲ့စည်းခြင်း။** ဤအသင်း၏ နှစ်ပတ်လည် အသင်းသားစုံညီအစည်းအဝေးကျင်းပရန်နှင့် ဗဟိုအလုပ်အမှုဆောင်နှင့် အလုပ်အမှုဆောင် အဖွဲ့ (အသစ်) ရွေးချယ်တင်မြှောက်နိုင်ရန်အတွက် ဗဟိုအလုပ်အမှုဆောင်နှင့် အလုပ်အမှုဆောင်များ ရွေးချယ်တင်မြှောက်ပွဲကြီးကြပ်ရေးကော်မရှင်နှင့် နှစ်ပတ်လည် အသင်းသားစုံညီအစည်းအဝေး ကျင်း ပရေး ကော်မတီ တို့ကို ကျင်းပမည့်ရက်မတိုင်မီ (၂၁) ရက်ကြိုတင်ဖွဲ့စည်းဆောင်ရွက်ရမည်၊

၅၂။ **ဗဟိုအလုပ်အမှုဆောင်အဖွဲ့ ရွေးချယ်ခြင်း။** ရွေးချယ်တင်မြှောက်ပွဲကြီးကြပ်ရေးကော်မရှင် သည် အခန်း ၅ အပိုဒ် ၂၇ (ခ)အရ အလုပ်အမှုဆောင်အဖွဲ့ဝင်များ၏ အများဆန္ဒဖြင့် ဗဟိုအလုပ် အမှု ဆောင်အဖွဲ့ဝင် (၂၁) ဦးရွေးချယ်ရာတွင် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်အဖြစ် ပါဝင်ရန် အရည်အချင်း ပြည့်မီသော ပုဂ္ဂိုလ်များကို စိစစ်သတ်မှတ်ပေးရမည်။ ယင်းတို့အနက်မှ ရွေးချယ်ခံလိုသူများအား အဆို ပြု စေ၍ မဲဆန္ဒပေးရွေးချယ်ရမည်။

၅၃။ **အသင်း၏ ဥက္ကဋ္ဌရွေးချယ်ခြင်း။** အသင်း၏ဗဟိုအလုပ်အမှုဆောင်ကော်မတီ (၂၁) ဦးမှ အ များဆန္ဒဖြင့် အခန်း ၆ အပိုဒ် (၃၈) တွင်ပါရှိသော အရည်အချင်းနှင့်ပြည့်စုံသည့် ဗဟိုအလုပ်အမှုဆောင် အဖွဲ့ဥက္ကဋ္ဌကို မဲဆန္ဒဖြင့်ရွေးချယ်တင်မြှောက်ရမည်။ ဥက္ကဋ္ဌ၏ သက်တမ်းကာလသည် (၃)နှစ်ဖြစ်ပြီး ဥက္ကဋ္ဌသက်တမ်းကုန်ဆုံးသည့်အခါ ဂုဏ်ထူးဆောင်ဥက္ကဋ္ဌအဖြစ် ဗဟိုအလုပ်အမှုဆောင်အဖွဲ့၏ သဘောတူညီချက်ဖြင့် ချီးမြှင့်ပေးနိုင်သည်။

၅၄။ **အသင်း၏ ဒုတိယဥက္ကဋ္ဌများရွေးချယ်တင်မြှောက်ခြင်း။** အသင်း၏ဗဟိုအလုပ်အမှုဆောင် အဖွဲ့ဝင် (၂၁) ဦးမှ ဥက္ကဋ္ဌရာထူးကို ချန်လှပ်၍ အခန်း ၆ အပိုဒ် (၃၈) နှင့် ကိုက်ညီမှုရှိသူများအား ဗဟို အလုပ်အမှုဆောင်အဖွဲ့ဝင်များ၏ အများဆန္ဒဖြင့် ဒုတိယဥက္ကဋ္ဌ (၂) ဦးအား မဲဆန္ဒဖြင့် ရွေးချယ် တင် မြှောက်ရမည်။

၅၅။ **အသင်း၏အထွေထွေအတွင်းရေးမှူးရွေးချယ်တင်မြှောက်ခြင်း။** အသင်း၏ဗဟိုအလုပ်အမှုဆောင် အဖွဲ့ဝင် (၂၁) ဦးမှ ဥက္ကဋ္ဌ နှင့် ဒုတိယဥက္ကဋ္ဌ ရာထူးများချန်လှပ်၍ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များထဲ မှ အခန်း ၆ အပိုဒ် (၃၈) နှင့် ကိုက်ညီမှုရှိသူအား ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များ၏ မဲဆန္ဒဖြင့် အထွေ ထွေ အတွင်းရေးမှူးအား ရွေးချယ်တင်မြှောက်ရမည်။

၅၆။ **အသင်း၏တွဲဖက်အထွေထွေအတွင်းရေးမှူးများရွေးချယ်တင်မြှောက်ခြင်း။** အသင်း၏တွဲဖက်အထွေထွေအတွင်းရေးမှူး (၁)၊ (၂) တို့ကို ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များ၏ အများဆန္ဒဖြင့် အခန်း ၆ အပိုဒ် (၃၈) နှင့် ကိုက်ညီမှုရှိသူ (၂) ဦးအား မဲဆန္ဒဖြင့် ရွေးချယ်တင်မြှောက်ရမည်။

၅၇။ **အသင်း၏ ဘဏ္ဍာရေးမှူးရွေးချယ်တင်မြှောက်ခြင်း။** အသင်း၏ဘဏ္ဍာရေးမှူး ရွေးချယ်ရာတွင် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များမှ အခန်း ၆ အပိုဒ် (၃၈) နှင့် ကိုက်ညီမှုရှိသူပုဂ္ဂိုလ်ကို မဲဆန္ဒဖြင့် ရွေးချယ်တင်မြှောက်ရမည်။

၅၈။ **အသင်း၏ အကျိုးဆောင်စာရင်းစစ်တင်မြှောက်ခြင်း။** အသင်း၏အကျိုးဆောင်စာရင်းစစ် တစ်ဦး ရွေးချယ်ရာတွင် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များမှ အခန်း ၆ အပိုဒ် (၃၈) နှင့် ကိုက်ညီမှု ရှိသူပုဂ္ဂိုလ်ကို မဲဆန္ဒဖြင့် ရွေးချယ်တင်မြှောက်ရမည်။

၅၉။ **အသင်း၏ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များတင်မြှောက်ခြင်း။** အသင်း၏ဥက္ကဋ္ဌရာထူး၊ ဒုတိယဥက္ကဋ္ဌရာထူးများ၊ အထွေထွေအတွင်းရေးမှူး၊ တွဲဖက်အထွေထွေအတွင်းရေးမှူး၊ ဘဏ္ဍာရေးမှူး၊ အကျိုးဆောင်စာရင်းစစ်နှင့် ရွေးချယ်တင်မြှောက်ပြီး ကျန်ရှိသောဗဟိုအလုပ်အမှုဆောင်များကို ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များအဖြစ် သတ်မှတ်ရမည်။

၆၀။ **အသင်း၏ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များတင်မြှောက်ခြင်း။** ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် (၂၁) ဦး ရွေးချယ်တင်မြှောက်ပြီး ကျန်အလုပ်အမှုဆောင်များကို အသင်း၏ အလုပ်အမှုဆောင် အဖွဲ့ဝင်များအဖြစ် သတ်မှတ်ရမည်။

၆၁။ **အတည်ပြုခြင်း။** ဗဟိုအလုပ်အမှုဆောင်နှင့် အလုပ်အမှုဆောင်များ ရွေးချယ်တင်မြှောက်ပွဲကြီးကြပ်ရေးကော်မရှင်သည် ရွေးချယ်တင်မြှောက်ခြင်းခံရသော ဗဟိုအလုပ်အမှုဆောင်အဖွဲ့၏ ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌများ၊ အထွေထွေအတွင်းရေးမှူး၊ တွဲဖက်အထွေထွေအတွင်းရေးမှူးများ၊ ဘဏ္ဍာရေးမှူး၊ တွဲဖက်အကျိုးဆောင်စာရင်းစစ်တို့၏ အမည်စာရင်းနှင့် ဗဟိုအလုပ်အမှုဆောင်/အလုပ် အမှုဆောင်အဖွဲ့ဝင်များစာရင်းကို နှစ်ပတ်လည်အခမ်းအနားတွင် အသိပေးကြေညာမှတ်တမ်းတင်ရမည်။

၆၂။ **အသင်း၏ စာရင်းစစ်အဖွဲ့ဖွဲ့စည်းခြင်း။** အခန်း ၆ အပိုဒ် (၄၃) ပါ ပြဋ္ဌာန်းထားရှိသည့်အတိုင်း အကျိုးဆောင်စာရင်းစစ်ကို အဖွဲ့ခေါင်းဆောင်ထား၍ အမှုဆောင်အဖွဲ့ဝင်များထဲမှ (၃) ဦးကို အဖွဲ့ဝင်များအဖြစ် ခန့်ထားတာဝန်ပေး၍ အသင်း၏ စာရင်းစစ်အဖွဲ့ကို ဖွဲ့စည်းဆောင်ရွက်ရမည်။

၆၃။ **ပြင်ပစာရင်းစစ်အဖွဲ့ငှားရမ်းတာဝန်ပေးအပ်ခြင်း။** အသင်း၏ရငွေသုံးငွေစာရင်းများကို ဘဏ္ဍာရေးစည်းမျဉ်းလုပ်ထုံးလုပ်နည်းများနှင့်အညီ စစ်ဆေး၍ နှစ်ချုပ်ငွေစာရင်းရှင်းတမ်း ရေးဆွဲပြုစု တင်ပြရန်အတွက် သတ်မှတ်သောအရည်အချင်းပြည့်မီသည့် အတွေ့အကြုံရှိသော ပြင်ပစာရင်းစစ် အဖွဲ့ကို ဗဟိုအလုပ်အမှုဆောင်အဖွဲ့က ရွေးချယ်ငှားရမ်းတာဝန်ပေးအပ်နိုင်သည်။

၆၄။ **ရေးရာလုပ်ငန်းကော်မတီများဖွဲ့စည်းခြင်း။** ဗဟိုအလုပ်အမှုဆောင်ကော်မတီအဖွဲ့အသစ်သည် နှစ်ပတ်လည်အသင်းသားစုံညီအစည်းအဝေးကျင်းပပြီးလျှင် အစည်းအဝေးခေါ်ယူ၍ ဗဟိုအလုပ် အမှုဆောင်ကော်မတီအဖွဲ့ဝင်များထဲမှ ကိုယ်စားလှယ်တစ်ဦးကို ကော်မတီခေါင်းဆောင်ထား၍ ဗဟိုအလုပ်အမှုဆောင်နှင့် အလုပ်အမှုဆောင်အနည်းဆုံး (၇) ဦးစီပါဝင်သော စီမံခန့်ခွဲရေးကော်မတီ၊ စီးပွားရေး၊ စက်ဆီ ချောဆီ နှင့် စက်မှုဆိုင်ရာ သုတေသနနှင့်ဖွံ့ဖြိုးရေးကော်မတီ၊ ပြန်ကြားရေး၊ ဆက်သွယ်ရေးနှင့်စည်းရုံးရေးကော်မတီ၊ ဘဏ္ဍာရေးကော်မတီ၊ အသင်းသားရေးရာကော်မတီ၊ ကုန်အမျိုးအစားအလိုက် ဖွံ့ဖြိုးမှုလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရေးကော်မတီ၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးကော်မတီနှင့် အခြားလိုအပ်သောရေးရာကော်မတီများကို ဖွဲ့စည်း တာဝန်ပေးနိုင်သည်။

## အခန်း (၈)
## အစည်းအဝေးကျင်းပပုံနည်းစနစ်

၆၅။ **အစည်းအဝေးအထမြောက်ရန်ဦးရေ။**

(က) အသင်း၏ရည်ရွယ်ချက်ပါလုပ်ငန်းစဉ်များ အောင်မြင်မှုရရှိစေရန် ဗဟိုအလုပ်အမှုဆောင်အဖွဲ့၊ အလုပ်အမှုဆောင်အဖွဲ့များ၏ အစည်းအဝေးများ၊ ရေးရာကော်မတီများနှင့် အခြားအစည်းအဝေးများ ကျင်းပဆောင်ရွက်သည့်အခါ တက်ရောက်ခွင့်ရှိသူဦးရေ၏ ၂၅% တက်ရောက်လျှင် အထမြောက်သည်။

(ခ) အသင်းသားစုံညီအစည်းအဝေးနှင့် အသင်းသားစုံညီအထူးအစည်းအဝေးများ ကျင်းပဆောင်ရွက်သည့်အခါ တက်ရောက်ခွင့်ရှိသူများထဲမှ နှစ်စဉ်ကြေး အကျေအလည် ပေးဆောင်ထားပြီး အသင်းနှင့်အခါအားလျော်စွာ ထိတွေ့ဆက်သွယ်လျက် အသင်း၏ လုပ်ငန်းစဉ်များတွင် ပူးပေါင်းပါဝင်ဆောင်ရွက်လျက်ရှိသော အသင်းဝင်ဦးရေ၏ ၂၅% အနည်းဆုံးတက်ရောက်ပါက အစည်းအဝေးအထမြောက်သည်။

၆၆။ အသင်း၏ အစည်းအဝေးများ၏ ဆုံးဖြတ်ချက်များချမှတ်ဆောင်ရွက်ရာတွင် ပြည်ထောင်စု အစိုးရ၊ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနတို့မှ ထုတ်ပြန်သော ဥပဒေနှင့်နည်းဥပဒေများ၊ အမိန့် ညွှန်ကြားစာများကို တိကျစွာလိုက်နာလျက် သင်းဖွဲ့စည်းမျဉ်းများကိုလည်း အလေးထား၍ ကျင့်သုံး ဆောင်ရွက်ရမည်။

၆၇။ **အစည်းအဝေးသဘာပတိ။** အသင်းအစည်းအဝေးတွင်ဖြစ်စေ၊ အမှုဆောင်အဖွဲ့နှင့် အခြား အစည်းအဝေးများတွင်ဖြစ်စေ ဥက္ကဋ္ဌ (သို့မဟုတ်) ဒုတိယဥက္ကဋ္ဌတစ်ဦးက သဘာပတိအဖြစ် ဆောင်ရွက် ရမည်။ ဥက္ကဋ္ဌ နှင့် ဒုတိယဥက္ကဋ္ဌများ မရှိခဲ့လျှင် တက်ရောက်သူများထဲမှ အစည်းအဝေးသဘာပတိ (၁) ဦး ရွေးချယ်တင်မြှောက်ရမည်။

၆၈။ **ပုံမှန်အစည်းအဝေးများကျင်းပခြင်း။** ဗဟိုအလုပ်အမှုဆောင်အဖွဲ့အစည်းအဝေးကို အနည်းဆုံး တစ်လလျှင် တစ်ကြိမ်နှင့် အလုပ်အမှုဆောင်အဖွဲ့အစည်းအဝေးကို အနည်းဆုံးနှစ်လလျှင် တစ်ကြိမ် ကျင်းပပြုလုပ်ရမည်။

၆၉။ **လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပခြင်း။** လုပ်ငန်းညှိနှိုင်းအစည်းအဝေးများကို လိုအပ်လျှင် လိုအပ်သလို ခေါ်ယူကျင်းပပြုလုပ်နိုင်သည်။

၇၀။ **အရေးပေါ်အစည်းအဝေးနှင့် အထူးအစည်းအဝေးကျင်းပခြင်း။** ပြည်ထောင်စုအစိုးရနှင့် သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနက အစည်းအဝေးကျင်းပရန် လမ်းညွှန်ခဲ့လျှင်ဖြစ်စေ၊ အရေးကြီး ကိစ္စအတွက် လိုအပ်လျှင်ဖြစ်စေ အရေးပေါ်အစည်းအဝေးကိုလည်းကောင်း၊ အထူးအစည်းအဝေးများ ကိုလည်းကောင်း ဥက္ကဋ္ဌ နှင့် ဒုတိယဥက္ကဋ္ဌသည် လတ်တလော ဖိတ်ခေါ်ကျင်းပနိုင်သည်။

၇၁။ **ရေးရာကော်မတီများနှင့် အစုအဖွဲ့များ၏ အစည်းအဝေးကျင်းပခြင်း။** အသင်း၏ သက်ဆိုင်ရာ ရေးရာကော်မတီများ၊ လုပ်ငန်းအလိုက် ကော်မတီအစုအဖွဲ့များ၏ အစည်းအဝေးကို လိုအပ်သလို ခေါ်ယူကျင်းပပြုလုပ်နိုင်သည်။

၇၂။ **ကြားဖြတ်ရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာ အစည်းအဝေး။** ကိုယ်စားလှယ်များ၊ ဗဟိုအလုပ်ဆောင်၊ အလုပ်အမှုဆောင်အဖွဲ့ဝင်များ အကြောင်းအမျိုးမျိုးကြောင့် လစ်လပ်ခဲ့လျှင် လိုအပ်ချက်အရ ဗဟိုအလုပ်အမှုဆောင်အဖွဲ့၏ ဆုံးဖြတ်ချက်ဖြင့် ကြားဖြတ်အရေးပေါ်အသင်းသားစုံညီ အစည်းအဝေးကို ကျင်းပပြုလုပ်နိုင်သည်။

၇၃။ **အစည်းအဝေးရွှေ့ဆိုင်းခြင်း၊ ရုတ်သိမ်းခြင်း။** အသင်း၏မည်သည့်အစည်းအဝေးတွင်မဆို ချိန်းဆိုထားသည့်အချိန်မှ နာရီဝက်ကျော်လွန်ပြီးနောက် လိုအပ်သောအသင်းသားဦးရေ (Quorum ) မပြည့်ခဲ့သော် အသင်းသားများတောင်းဆိုသဖြင့် ကျင်းပရသော အစည်းအဝေးဖြစ်ပါက ၎င်းအစည်းအဝေးကို ရုတ်သိမ်းရမည်။ အခြားအကြောင်းကြောင့် ကျင်းပရသော အစည်းအဝေးဖြစ်ပါက ဥက္ကဋ္ဌ ဆုံးဖြတ်သည့်နေ့တိုင်ရွှေ့ဆိုင်းနိုင်သည်။

၇၄။ **အသင်းသားစုံညီအစည်းအဝေးကျင်းပခြင်း။** အသင်း၏ပထမအကြိမ် အသင်းသားစုံညီအစည်းအဝေးကို အသင်းစတင်တည်ထောင်မှတ်ပုံတင်ခွင့်ပြုသည့်နေ့မှ (၁၈)လအတွင်းနှင့် နောင်နှစ်များတွင် နှစ်ပတ်လည်အသင်းသား စုံညီအစည်းအဝေးများကို နောက်ဆုံးကျင်းပသည့် အစည်းအဝေးမှ (၁၅)လမကျော်စေဘဲ ကျင်းပရမည်။ ထိုညီလာခံတွင် အလုပ်အမှုဆောင်အဖွဲ့၏ ဆောင်ရွက်ခဲ့မှုများကို အစီရင်ခံစာတင်သွင်း၍ ရှေ့လုပ်ငန်းစဥ်များ ချမှတ်ရမည်။ လိုအပ်လျှင် ရွေးချယ်တင်မြှောက်ခြင်းပါရှိနိုင်သည်။ ဗဟိုအလုပ်အမှုဆောင်နှင့် အလုပ်အမှုဆောင်အဖွဲ့၏ သက်တမ်းသည် (၃)နှစ်ဖြစ်၍ ယင်းသက်တမ်းကုန်ဆုံးသည့်အခါ ရွေးချယ်တင်မြှောက်ပွဲပါရှိသည့် နှစ်ပတ်လည် အသင်းသားစုံညီအစည်းအဝေးကျင်းပရမည်။ အမှုဆောင်များ သို့မဟုတ် အသင်းသားများ၏ အနည်းဆုံး ထက်ဝက်ကျော် က အကြောင်းအရာတစ်ရပ်ကို ဖော်ပြကြ၍ တောင်းဆိုမှုရှိခဲ့လျှင် ထပ်မံ၍ အရေးပေါ် အသင်းသားစုံညီ အထူးအစည်းအဝေးတစ်ရပ် ခေါ်ယူကျင်းပပေးရမည်။

၇၅။ **အစည်းအဝေးများ ဖိတ်ကြားခြင်း။** အစည်းအဝေးကျင်းပရန်အတွက် ဖိတ်ကြားရာတွင် စာပို့စာအုပ် ဖြင့် လူကိုယ်တိုင်ဖိတ်ကြားခြင်း၊ ဖက်စ်၊ အီးမေးလ်ပေးပို့ ဖိတ်ကြားခြင်း၊ မှတ်ပုံတင်မျှောစာဖြင့် ဖိတ်ကြားခြင်း၊ တယ်လီဖုန်းဖြင့်ဖိတ်ကြားခြင်း၊ သတင်းစာတွင်ကြော်ငြာ၍ ဖိတ်ကြားခြင်းများ အနက် သင့်တော်သည့် နည်းလမ်းများဖြင့် ဖိတ်ကြားရမည်။ ကြိုတင်ဖိတ်ကြားခြင်းကို အောက်ပါအတိုင်း သတ်မှတ်သည်-

(က) အသင်းသားစုံညီအစည်းအဝေးကို (၂၁) ရက် ကြိုတင်၍ ဖိတ်ကြားရမည်။

(ခ) အထူးအစည်းအဝေးကို (၁၀)ရက် ကြိုတင်၍ ဖိတ်ကြားရမည်။

(ဂ) ဗဟိုအလုပ်အမှုဆောင်အဖွဲ့၊ အလုပ်အမှုဆောင်အဖွဲ့၊ ရေးရာကော်မတီအစည်းအဝေးနှင့် အခြားအစည်းအဝေးများကို (၃) ရက်ကြိုတင်ဖိတ်ကြားရမည်။

၇၆။ (က) **မဲဆန္ဒပေးခြင်း။** အစည်းအဝေးတစ်ခုခုတွင် မဲခွဲ၍ မဲဆန္ဒပေးခွင့်ရှိသူများ၏ အများ ဆန္ဒကို ရယူဆုံးဖြတ်ရန် အခြေအနေဖြစ်ပေါ်လာသည့်အခါ အခြားနည်း သတ်မှတ်ချက် မရှိပါက အောက်ပါ နည်းလမ်းတစ်ခုခုကို အသုံးပြု၍ ဆန္ဒမဲရယူနိုင်သည်-

(၁) အစည်းအဝေးတက်ရောက်သော မဲဆန္ဒရှင်များအား ဆုံးဖြတ်ရန်အချက်ကို ကြေညာအသိပေး၍ သဘောတူ-မတူ (သို့မဟုတ်) ကန့်ကွက်ရန် ရှိ-မရှိ ၃ ကြိမ်

မေးမြန်း၍ အသံဖြင့် ဆန္ဒယူသည့်စနစ် (သို့မဟုတ်) လက်ထောင်သည့် စနစ်ကို ကျင့်သုံးပြီး ဆန္ဒမဲ များရာဘက်ကို အနိုင်ပေး ဆုံးဖြတ်ပေးနိုင်သည်။

(၂) အထူးကိစ္စရပ်အဖြစ် လိုအပ်လာပါက အစည်းအဝေးတက်ရောက်လာသော မဲဆန္ဒပေး ခွင့်ရှိသူများ၏ လျို့ဝှက်ဆန္ဒမဲကို ရယူပြီး ဆန္ဒမဲများရာဘက်ကို အနိုင်ပေးဆုံးဖြတ်ပေးရမည်။

(၃) ဆန္ဒမဲအရေအတွက်ချင်းတူညီနေပါက သဘာပတိက တစ်ဘက်ဘက်သို့ ဆန္ဒမဲပေး၍ ဆုံးဖြတ်ပေးရမည်။

(၄) ဆန္ဒမဲပေးခွင့်ရှိသူတစ်ဦးသည် တစ်ကြိမ်အတွက် ဆန္ဒမဲ တစ်မဲသာ ပေးခွင့်ရှိသည်။

(ခ) **ဆုံးဖြတ်ချက်ချမှတ်ရန်စည်းကမ်း။** အသင်းသားစုံညီအစည်းအဝေးနှင့် အလုပ် အမှုဆောင်၊ ဇဟိုအလုပ်အမှုဆောင်အဖွဲ့အစည်းအဝေးများတွင် မဲဆန္ဒပေးပိုင်ခွင့်ရှိသည့် အစည်း အဝေးတက်ရောက်သောအသင်းသားများအနက် အသင်းသားများ၏ အများသဘောဆန္ဒ အတိုင်း ဆုံးဖြတ်ချက်ချမှတ်နိုင်သည်။ နှစ်ဦးနှစ်ဖက် မဲအရေအတွက်တူနေလျှင် အစည်းအဝေး သဘာပတိသည် မဲပေး၍ ဆုံးဖြတ်နိုင်သည်။

(ဂ) အသင်းသားဆုံညီအစည်းအဝေး၏ ဆုံးဖြတ်ချက်တစ်ခုကို ဆုံးဖြတ်ချက်ချမှတ်ပြီးနောက် ပြင်ဆင်ပြောင်းလဲလိုလျှင် (၆)လအတွင်း အထူးအသင်းသား စုံညီအစည်းအဝေး ခေါ်ယူ၍ ၎င်းအစည်းအဝေးတက်ရောက်သော အသင်းသား ၅၀ % ၏ သဘောတူညီချက်ရရှိမှသာ ပြင်ဆင် ပြောင်းလဲနိုင်ခွင့်ရှိသည်။

၇၇။ **အသင်း၏ကိုယ်စားလှယ်များ။** အသင်း၏ကိုယ်စားလှယ်များသည် အောက်ပါအတိုင်း သတ်မှတ်ချက်များကို လိုက်နာရမည်-

(က) အသင်း၏ကိုယ်စားလှယ်များလိုက်နာရန်စည်းကမ်း။ ပြည်ထောင်စုအစိုးရဌာနဆိုင်ရာများနှင့် အခြားစီးပွားရေးအသင်းများ၊ အဖွဲ့အစည်းများတွင် အသင်း၏ကိုယ်စားလှယ်အဖြစ် တက်ရောက်ရန် အသင်း၏မည်သည့်အသင်းသားကိုမဆို အမှုဆောင်အဖွဲ့ကိုယ်စား တာဝန်ပေးအပ်နိုင်သည်။ အသင်း၏ကိုယ်စား တက်ရောက်ရမည့် အသင်းသားသည် အသင်းညွှန်ကြားချက်ကို နာခံ၍ဆောင်ရွက်ရမည်၊ ၎င်းညွှန်ကြားချက်ကို လိုက်နာရန်ပျက်ကွက်လျှင် မိမိတက်ရောက်လာသည့်အဖွဲ့မှ ထွက်ပေးရမည်၊ နုတ်ထွက် ရန်ပျက်ကွက်ခဲ့လျှင် သင်းဖွဲ့စည်းမျဉ်းတွင် မည်သို့ပင်ဆိုစေကာမူ အသင်းသားအဖြစ်မှ ထုတ်ပယ်ခြင်းခံရမည်။

(ခ) အသင်းသားကိုယ်စားလှယ်သက်တမ်း။ အသင်း၏ကိုယ်စားလှယ်များ၏ သက်တမ်းသည် ၎င်းတာဝန်ပေးခန့်အပ်သော အမှုဆောင်အဖွဲ့၏ သက်တမ်းအတိုင်းသာရှိရမည်၊ အကယ်၍လိုအပ်ခဲ့လျှင် ကိုယ်စားလှယ်၏ သက်တမ်းကို နောင်တွင် ရွေးချယ်တင်မြောက်ခံရသည့် အလုပ်အမှုဆောင်အဖွဲ့အသစ်က တိုးမြှင့်ပေးနိုင်သည်။

(ဂ) ညှိနှိုင်းဆောင်ရွက်ခြင်း။ အသင်း၏ကိုယ်စားလှယ်အဖြစ် ဆောင်ရွက်နေသော ပုဂ္ဂိုလ်သည် မြန်မာနိုင်ငံသားများ အကျိုးစီးပွားထိခိုက်ရန် ဖြစ်ပေါ်စေမည့် ကိစ္စရပ်များနှင့် အသင်းသားများ၏အကျိုးကို ထိခိုက်မည့် အရေးကြီးကိစ္စများ ပေါ်ပေါက်လာလျှင် အဖြစ်နိုင်ဆုံး ဗဟိုအလုပ်အမှုဆောင်အဖွဲ့သို့ တင်ပြလမ်းညွှန်ချက်ခံယူရမည်။ အကယ်၍ အချိန်မရခဲ့လျှင် ဥက္ကဋ္ဌနှင့်ဖြစ်စေ၊ ဒုတိယဥက္ကဋ္ဌတစ်ဦးဦးနှင့်ဖြစ်စေ၊ အထွေထွေအတွင်းရေးမှူးနှင့်ဖြစ်စေ တင်ပြတိုင်ပင်၍ ဆောင်ရွက်ရမည်။

## အခန်း (၉)
## ဘဏ္ဍာရေးကိစ္စထိန်းသိမ်းဆောင်ရွက်ခြင်း

၇၈။ **ကိုယ်ပိုင်ရန်ပုံငွေထူထောင်ခြင်းနှင့် ကြီးကြပ်ထိန်းသိမ်းခြင်း။** အသင်း၏လုပ်ငန်းများကို အောင်မြင်အောင်ဆောင်ရွက်ရာတွင် လိုအပ်သော ဘဏ္ဍာငွေ အရအသုံးကိစ္စများနှင့် ပတ်သက်၍ အောက်ပါအတိုင်းဆောင်ရွက်ရမည်-

(က) အသင်း၏လုပ်ငန်းများအတွက် ကိုယ်ပိုင်ရန်ပုံငွေထူထောင်၍ စနစ်တကျ ထိန်းသိမ်းဆောင်ရွက်ရမည်။

(ခ) အသင်းသားများထံမှ အသင်းဝင်ကြေး၊ နှစ်စဉ်ကြေး၊ ဝန်ဆောင်ခစသည်တို့ကို လိုအပ်သလို သတ်မှတ်ကောက်ခံနိုင်သည်။

(ဂ) အသင်းသားများနှင့် ပြင်ပပုဂ္ဂိုလ်များထံမှ သင်တန်းကြေး၊ ဝန်ဆောင်ခ စသည်တို့ကို လိုအပ်သလို သတ်မှတ်ကောက်ခံနိုင်သည်။

(ဃ) ပြည်တွင်း ပြည်ပမှ ပုဂ္ဂိုလ်များ၊ အဖွဲ့အစည်းများထံမှ အလှူငွေများ၊ ထောက်ပံ့ငွေများ၊ ချီးမြှင့်ငွေများ၊ ချေးငွေများ စသည်တို့ကို လက်ခံရယူခွင့်ရှိသည်။

(င) အသင်းပိုင်ပြည်တွင်းသုံးကျပ်ငွေနှင့် နိုင်ငံခြားငွေတို့ကို သင့်လျော်ရာဘဏ်များတွင် သီးခြားဘဏ်စာရင်းများ ဖွင့်လှစ်အပ်နှံထားရှိပြီး ဘဏ္ဍာရေးစည်းမျဉ်းများနှင့်အညီ ထိန်းသိမ်းဆောင်ရွက်ရမည်။

(စ) အသင်း၏ ရန်ပုံငွေ တိုးပွားစေရေးအတွက် လတ်တလောသုံးစွဲရန်မလိုသေးသည့် ရန်ပုံငွေပမာဏကိုဖြစ်စေ၊ ချေးငွေရယူ၍ဖြစ်စေ၊ ဘဏ္ဍာရေးစည်းမျဉ်းနှင့်အညီ လိုအပ်သလို စီမံခန့်ခွဲဆောင်ရွက်နိုင်သည်။

(ဆ) အသင်း၏ ရန်ပုံငွေများကို နှစ်စဉ်ရသုံးခန့်မှန်းခြေစာရင်း ရေးဆွဲလျာထား၍ ဘဏ္ဍာရေးစည်းမျဉ်းများနှင့်အညီ စနစ်တကျ ထိန်းသိမ်းစိစစ်သုံးစွဲရမည်။

(ဇ) အသင်း၏ ရန်ပုံငွေများကို အသင်း၏အကျိုးစီးပွားနှင့် သက်ဆိုင်သော လုပ်ငန်းကိစ္စရပ်များတွင်သာ သုံးစွဲရမည်။

(ဈ) အသင်း၏ ရန်ပုံငွေများကို သုံးစွဲခွင့်ချမှတ်ပေးနိုင်သော ပုဂ္ဂိုလ်များနှင့် ယင်းပုဂ္ဂိုလ်များ၏ တစ်ကြိမ်လျှင် သုံးစွဲခွင့်ပြုနိုင်သည့် ငွေကြေးပမာဏကိုလည်းကောင်း၊ ဘဏ်စာရင်းမှ ငွေအထုတ်အသွင်းပြုလုပ်ရာတွင် လက်မှတ်ရေးထိုးခွင့်ရှိသည့် ပုဂ္ဂိုလ်များကိုလည်း ကောင်း၊ လက်ဝယ်ထားရှိသုံးစွဲနိုင်ခွင့်ရှိသည့်ပမာဏကိုလည်းကောင်း ဗဟိုအလုပ်အမှု ဆောင်အဖွဲ့ က ရွေးချယ်သတ်မှတ်၍ တာဝန်ပေးအပ်ထားရမည်။

(ည) အသင်း၏ ငွေစာရင်းများကို စာရင်းစစ်တို့မှ အခါအားလျော်စွာ စစ်ဆေးရမည်။

(ဋ) အသင်း၏ ရငွေ သုံးငွေကိစ္စများနှင့် ဘဏ္ဍာရေးအခြေအနေကို စီမံခန့်ခွဲရေးကော်မတီနှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့အစည်းအဝေးများတွင် တင်ပြ၍ ခွင့်ပြုချက်များ၊ အတည်ပြုချက် များ ရယူရမည်။

(ဌ) အသင်း၏ ဒီဇင်ဘာလ ၃၁ ရက်နေ့တွင် ကုန်ဆုံးသော ဘဏ္ဍာနှစ်အတွက် နှစ်ချုပ် ငွေ စာရင်းရှင်းတမ်းနှင့် စာရင်းစစ်အစီရင်ခံစာတို့ကို အသင်း၏နှစ်ပတ်လည် အသင်းသား စုံညီအစည်းအဝေးတွင် တင်သွင်း၍ အတည်ပြုချက်ရယူရမည်။

(ဍ) အသင်း၏ နှစ်ချုပ်ငွေစာရင်းရှင်းတမ်းကို နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး ကျင်းပပြီးသည့်နေ့မှ ၁၅ ရက်အတွင်း ကုမ္ပဏီများ မှတ်ပုံတင်အရာရှိထံသို့ ပေးပို့ရမည်။

## အခန်း (၁၀)

## အထွေထွေ

၇၉။ **သင်းဖွဲ့စည်းမျဥ်းကိုပြင်ဆင်ခြင်း။** အသင်းသားစုံညီအစည်းအဝေးတက်ရောက်လာသော ကိုယ်စားလှယ်များ၏ ၅၀ % က ဤသင်းဖွဲ့စည်းမျဥ်းကို ဖြည့်စွက်ခြင်း၊ အစားထိုးပြင်ဆင်ခြင်း၊ ရုပ်သိမ်း ခြင်း ပြုလုပ်နိုင်သည်။ သို့ရာတွင် အရေးပေါ်ပြင်ဆင်ရန်လိုအပ်ပါက အလုပ်အမှုဆောင် အဖွဲ့က ဆုံးဖြတ် ပြီး အရေးပေါ်အစည်းအဝေး (သို့မဟုတ်) အသင်း၏ အသင်းသားစုံညီ အထူးအစည်းအဝေးခေါ် ယူ၍ အတည်ပြုချက်ရယူရမည်။

၈၀။ **သင်းဖွဲ့စည်းမျဥ်းအတည်ဖြစ်ခြင်း။** ဤသင်းဖွဲ့စည်းမျဥ်းကို ၂၀-၁၀-၂၀၂၀ ရက်နေ့တွင် ကျင်းပ ပြုလုပ်သော အသင်းသားစုံညီအထူးအစည်းအဝေးတွင် အားလုံးသဘောတူ လက်ခံဆုံးဖြတ် ကြပါ သည်။

၈၁။ **အသင်းဖျက်သိမ်းခြင်း။** အောက်ပါအကြောင်းတစ်ရပ်ရပ်ပေါ်ပေါက်လာပါက အသင်းကို စာရင်းရှင်းလင်းဖျက်သိမ်းနိုင်သည်-

(က) စာရင်းရှင်းလင်းဖျက်သိမ်းရန် အသင်းသားအများစု (၇၅) ရာခိုင်နှုန်းက ဆန္ဒရှိခြင်း။

(ခ) လူမွဲခံခြင်းအက်ဥပဒေအရ လူမွဲအဖြစ် တရားရုံးက အမိန့်ချမှတ်ခြင်း။

(ဂ) မြန်မာနိုင်ငံကုမ္ပဏီအက်ဥပဒေအရ အသင်းဖျက်သိမ်းရန် ရင်းနှီးမြှုပ်နှံမှု နှင့် နိုင်ငံခြား စီးပွားဆက်သွယ်ရေးဝန်ကြီးဌာနကဖြစ်စေ၊ တရားရုံးကဖြစ်စေ အမိန့်ချမှတ်ခြင်း။

၈၂။ **ဖျက်သိမ်းရန်နည်းလမ်း။** အသင်းကို စာရင်းရှင်းလင်းဖျက်သိမ်းရာတွင် အောက်ပါအတိုင်း ဆောင်ရွက်ရမည်-

(က) နှစ်ပတ်လည်အသင်းသားစုံညီအစည်းအဝေး (သို့မဟုတ်) အသင်းသားစုံညီအထူးအစည်း အဝေးတွင် တင်သွင်းဆုံးဖြတ်ရမည်။ မဲခွဲရန်ဖြစ်ပါက အပိုဒ် ၇၆ (က)ပါအတိုင်း ဆောင် ရွက် ရမည်။

(ခ) စာရင်းရှင်းလင်းဖျက်သိမ်းမည့်အကြောင်းကို ယင်းအစည်းအဝေးမကျင်းပမီ ၁၀ ရက် ကြို တင်၍ အသင်းသားတစ်ဦးချင်းထံသို့ စာဖြင့် အသိပေးအကြောင်းကြားရမည်။

(ဂ) အသင်းသားစုံညီအစည်းအဝေးတက်ရောက်သော အသင်းသားဦးရေအနက် ၄ ပုံ ၃ ပုံ၏ ဆန္ဒဖြင့် အသင်းကို ဖျက်သိမ်းရန် ဆုံးဖြတ်နိုင်သည်။

(ဃ) မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ စနစ်တကျ စာရင်း ရှင်းလင်း ဖျက်သိမ်းရမည်။

၈၃။ **အသင်းဖျက်သိမ်းသောအခါ ငွေကြေးတာဝန်။** အသင်းဖျက်သိမ်းသောနေ့တွင် အသင်းသား ဖြစ်သူနှင့် ထိုနေ့မတိုင်မီ တစ်နှစ်အတွင်း အသင်းသားအဖြစ်မှ ရပ်စဲခဲ့သော မည်သူမဆို အသင်းသား ဖြစ်စဉ်က အသင်းက တင်ရှိသောကြွေးမြီနှင့် အသင်းကို ဖျက်သိမ်းရာ၌ ကုန်ကျသောစရိတ် ကြေးငွေ အတွက် ဝေပုံကျအသီးသီးပေးလျော်ရန် တာဝန်ရှိသည်။ ယင်းသို့ အသင်းသား အချင်းချင်းပေးလျော်ရန် တာဝန်ကို ဝေပုံချရာ၌ အသင်းသားတစ်ဦး၏ သာမန်တာဝန်မှာ မိမိပေးဆောင်ရသော နှစ်စဉ်ကြေး ထက် မပိုစေရ။

၈၄။ **ဖောက်ဖျက်သူ၏ တာဝန်။** အကယ်၍ တစ်စုံတစ်ယောက်သော အသင်းသားသည် အသင်းပိုင် ပစ္စည်းများကို အမြတ်ဖြင့်သော်လည်းကောင်း၊ ဆုအဖြစ်သော်လည်းကောင်း၊ အခြားတစ်နည်းနည်းဖြင့် သော်လည်းကောင်း၊ မည်သူအားမဆို ပေးကမ်းခဲ့သော် (သို့မဟုတ်) လွှဲပြောင်းပေးကမ်းသည်ကို လက်ခံ ခဲ့သည်ရှိသော် ထိုကျူးလွန်သူ၏ ပေးလျော်ရန်တာဝန်မှာ အကန့်အသတ်မဲ့ဖြစ်စေရမည်။

၈၅။ **အသင်းဖျက်သိမ်းပြီးနောက် ကျန်ငွေနှင့် ပစ္စည်းများကို စီမံခန့်ခြင်း။** အသင်းကို ဖျက်သိမ်း၍ ပေးလျော်ရန်ရှိသော ကြွေးမြီတာဝန်အားလုံးကို ရှင်းလင်းပြီးသည့်နောက် အသင်းပိုင်ငွေနှင့် ပစ္စည်း တစ်စုံတစ်ရာ ကျန်ရှိသေးလျှင် ယင်းသို့ကျန်ရှိသောပစ္စည်းကို အသင်းသားများအား ဝေငှပေးကမ်း လွှဲ ပြောင်းခြင်းမပြုဘဲ အသင်းဖျက်သိမ်းသောအခါဖြစ်စေ၊ မဖျက်သိမ်းမီဖြစ်စေ၊ အသင်းနှင့် ရည်ရွယ်ချက်

ချင်း တူညီသော အခြားအသင်းအား လွှဲပြောင်းလှူဒါန်းရမည်။ ထိုသို့ပြုလုပ်ရန် ပျက်ကွက် ခဲ့လျှင် ထိုကိစ္စမျိုး၌ စီရင်ခွင့်အာဏာရှိသော တရားရုံးအမိန့်အရ လွှဲပြောင်းလှူဒါန်းရမည်။

၈၆။ ဤသင်းဖွဲ့စည်းမျဉ်းသည် အသင်း၏ **၇-၆-၂၀၂၁** သက်တမ်းကာလမှ စတင်၍ အကျုံးဝင်သည်။